# ရဲစည်းကမ်း

# နည်းဥပဒေ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

# ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး နည်းဥပဒေများ


စာအမှတ်၊ ၁၀၀-ပရခ/၁၇/ ဦး ၂

ရက်စွဲ၊ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်။

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ


အခန်း (၁)

၁။ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ... 7 ၁

အခန်း (၂)

၂။ နစ်နာမှုကို တင်ပြခြင်း ... 8 ၂

အခန်း (၃)

၃။ အုပ်ချုပ်မှုအာဏာအရ ဆောင်ရွက်ခြင်း ... 8 ၂

အခန်း (၄)

၄။ ဖမ်းဆီးခြင်းနှင့်ချုပ်နှောင်ခြင်း ... 11 ၅

အခန်း (၅)

၅။ စုံစမ်းစစ်ဆေးရေး ခုံရုံးများ ... 12 ၆

အခန်း (၆)

၆။ သက်သေခံအကျဉ်းချုပ် ရေးယူခြင်း ... 14 ၈

အခန်း (၇)

၇။ စွဲချက်လွှာများ ... 17 ၁၁

အခန်း (၈)

၈။ ခုခံချေပရေးအတွက် တရားခံအား ပြင်ဆင်ခွင့်ပေးခြင်း ... 19 ၁၃

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **အခန်း (၉)** | 19 | |
| ၉။ | အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်း | ... | ၁၃ |
| | **အခန်း (၁၀)** | 21 | |
| ၁၀။ | ရဲတရားရုံး | ... | ၁၅ |
| ၁၁။ | ပုံစံ (၁)<br>တိုင်ကြားစာ | ... | ၄၈ |
| ၁၂။ | ပုံစံ (၂)<br>အုပ်ချုပ်မှုအာဏာအရ အတွင်းရေး<br>အစီရင်ခံစာ | ... | ၅၀ |
| ၁၃။ | ပုံစံ (၃)<br>ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး<br>ဥပဒေ ပုဒ်မအရ ရဲတပ်ဖွဲ့ဝင်အဖြစ်မှ<br>ထုတ်ပစ်ရန်/အငြိမ်းစား ယူခိုင်းရန်/<br>နုတ်ထွက်ခိုင်းရန်၊ အဆင့်လျှော့ချရန်<br>ချမှတ်သည့် အမိန့် | ... | ၅၄ |
| ၁၄။ | ပုံစံ (၄)<br>စုံစမ်းစစ်ဆေးရေးခုံရုံး | ... | ၅၅ |
| ၁၅။ | ပုံစံ (၅)<br>ခွင့်မဲ့ပျက်ကွက်မှုအတွက် ပြုလုပ်သော<br>စုံစမ်းစစ်ဆေးရေးခုံအဖွဲ့၏ ကြေညာချက် | ... | ၅၈ |
| ၁၆။ | ပုံစံ (၆)<br>သက်သေခံအကျဉ်းချုပ်အမှတ်တွဲ | ... | ၆၀ |
| ၁၇။ | ပုံစံ (၇)<br>စွဲချက်လွှာ | ... | ၆၄ |
| ၁၈။ | ပုံစံ (၈)<br>အရာခံ၊ အကြပ်နှင့် ရဲတပ်သားများအား<br>အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်း | ... | ၆၅ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉။ | ပုံစံ (၉) | | |
| | အရာရှိများအား အကျဉ်းနည်းဖြင့် | | |
| | စစ်ဆေးစီရင်ခြင်း | ... | ၆၇ |
| ၂၀။ | ပုံစံ (၁၀) | | |
| | သက်သေမခေါ်ကြောင်း ဝန်ခံချက် | ... | ၆၉ |
| ၂၁။ | ပုံစံ (၁၁) | | |
| | ရဲတရားရုံး၏ ဆုံးဖြတ်ချက် | ... | ၇၀ |
| ၂၂။ | ပုံစံ (၁၂) | | |
| | စီမံခန့်ခွဲရန်အမိန့် | ... | ၇၁ |
| ၂၃။ | ပုံစံ (၁၃) | | |
| | ရဲတရားရုံးအမှုတွဲ | ... | ၇၂ |
| ၂၄။ | ပုံစံ (၁၄) | | |
| | အကျဉ်းသားကို ထောင်ဒဏ်ချမှတ် | | |
| | သည့်အခါ အသုံးပြုရန် ထောင်ပို့ဝရမ်း | ... | ၈၄ |
| ၂၅။ | ပုံစံ (၁၅) | | |
| | အကျဉ်းသားအား ပြစ်ဒဏ်လွတ်ငြိမ်းချမ်း | | |
| | သာခွင့်ပေးသည့်အခါ သို့မဟုတ် ၎င်းအား | | |
| | စစ်ဆေးစီရင်ခြင်းကို ပယ်ဖျက်သည့်အခါ | | |
| | သို့မဟုတ် ပြစ်ဒဏ်လုံးဝသော်လည်း | | |
| | ကောင်း၊ ထိုပြစ်ဒဏ်၏ မကုန်ဆုံးသေးသည့် | | |
| | အပိုင်းကိုသော်လည်းကောင်း လွတ်ငြိမ်း | | |
| | သက်သာခွင့်ပြုသည့်အခါအသုံးပြုရန် ဝရမ်း | ... | ၈၆ |
| ၂၆။ | ပုံစံ (၁၆) | | |
| | လျှော့ပေါ့သည့်ဝရမ်း | ... | ၈၈ |
| ၂၇။ | ပုံစံ (၁၇) | | |
| | အသနားခံစာ | ... | ၉၀ |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂/၉၅

ရန်ကုန်မြို့။ ၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၇) ရက်နေ့၊
( ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ )

ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅၇ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထဲရေးဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) ဥပဒေ ဆိုသည်မှာ ပြည်သူ့ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဆိုသည်၊

(ခ) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့်ပုံစံကိုဆိုသည်၊

(ဂ) ရဲတရားရုံး ဆိုသည်မှာ ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေအရ တည်ထောင်ထားသည့် ရဲတရားရုံးကို ဆိုသည်၊

၃။ ဤနည်းဥပဒေများတွင် ဖော်ပြပါရှိသောပုံစံများကို ကိစ္စတစ်ခုစီ၏ အခြေအနေအရ လိုအပ်သည့်ပြောင်းလဲချက်များပြုလုပ်လျက် ထိုပုံစံများအတိုင်း မရေးဘဲ သွေဖည်ရေးသားထားသည့် အကြောင်းကြောင့်သော်လည်းကောင်း၊ လိုက် နာရန်ပျက်ကွက်သည့် အကြောင်းတစ်ခုကြောင့်သော်လည်းကောင်း စာတန်း အမှတ်အသား တစ်ခုခုမှ အတည်ဖြစ်ခြင်းသည် မပျက်ပြယ်စေရ။

## အခန်း (၂)
## နစ်နာမှုကိုတင်ပြခြင်း

၄။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မိမိ၏အထက်အရာရှိတစ်ဦးက မိမိအားမတရား ပြုသည်ဟု မှတ်ယူပါက ဥပဒေပုဒ်မ ၄ နှင့် ၅ တို့တွင် ပြဋ္ဌာန်းထားသည့် အခွင့် အရေးများကိုသုံးစွဲ၍ တိုင်ကြားစာတင်သွင်းရာတွင် ပုံစံ (၁) ကို အသုံးပြုရမည်။

## အခန်း (၃)
## အုပ်ချုပ်မှုအာဏာအရ ဆောင်ရွက်ခြင်း

၅။ (က) ရဲတပ်ရင်းမှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူးတစ်ဦးသည် မိမိ ကွပ်ကဲရသော ပြန်တမ်းဝင်အရာရှိတစ်ဦးဦးအား ရဲတပ်ဖွဲ့ တွင် ဆက်လက်ထား ရှိရန် မလိုအပ်ဟုယူဆလျှင် ပုံစံ (၂) တွင် ဖော်ပြထားသည့်အတိုင်းအကြောင်းပြချက်၊ဆောင်ရွက် သင့်သည့်အချက် စသည်တို့ကိုဖြည့်စွက်၍ သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် ရဲချုပ်ထံ တင်ပြရမည်၊

(ခ) သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည် မိမိ၏ထင်မြင်ယူဆချက်များကို ပုံစံတွင် ထပ်မံဖြည့်စွက်ပြီး ရဲချုပ်ထံ ဆက်လက်တင်ပြရမည်၊

(ဂ) ရဲချုပ်သည် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) တွင် ဖော်ပြထား သည့်အတိုင်း အဆိုပါပြန်တမ်းဝင်အရာရှိအား ရဲတပ်ဖွဲ့၊

အဖြစ်မှ အငြိမ်းစားယူနိုင်းခြင်း၊ နုတ်ထွက်ခိုင်းခြင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ကြောင်း အမိန့်ထုတ်ပြန်နိုင်သည်။

၆။ (က) ရဲတပ်ရင်းမှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူးတစ်ဦးသည် မိမိကွပ်ကဲရသည့် ပြန်တမ်းဝင်အရာရှိ မဟုတ်သည့် အရာရှိနှင့် အရာခံတစ်ဦးဦးအား ရဲတပ်ဖွဲ့တွင် ဆက်လက်ထားရှိရန် မလိုအပ်ဟု ယူဆလျှင်ဖြစ်စေ၊ ပို၍နိမ့်သောအဆင့်သို့ လျှော့ချသင့်သည်ဟု ယူဆလျှင်ဖြစ်စေ ပုံစံ (၂) တွင် ဖော်ပြထားသည့်အတိုင်း အကြောင်းပြချက်၊ ပြုလုပ်ဆောင်ရွက်သင့်သည့်အချက် စသည်တို့ကို ဖြည့်စွက်၍ သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ရဲချုပ်ထံတင်ပြရမည်။

(ခ) သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် မိမိ၏ထင်မြင်ယူဆချက်ကို ပုံစံ (၂) တွင် ထပ်မံဖြည့်စွက်ပြီး ရဲချုပ်ထံဆက်လက်တင်ပြရမည်၊

(ဂ) ရဲချုပ်သည် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့်အတိုင်း ပြန်တမ်းဝင်အရာရှိ မဟုတ်သည့်အရာရှိနှင့် အရာခံတစ်ဦးဦးအား ရဲတပ်ဖွဲ့ဝင်အဖြစ်မှ အငြိမ်းစားယူနိုင်းခြင်း၊ နုတ်ထွက်ခိုင်းခြင်း၊ ထုတ်ပစ်ခြင်းနှင့် ပို၍နိမ့်သောအဆင့် သို့ဖြစ်စေ၊ အရာရှိမဟုတ်သူ တစ်ဦးဦးအား ရဲတပ်သားအဆင့်အထိ လျှော့ချနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုံစံ (၃) ကို အသုံးပြုရမည်၊

၇။ (က) ရဲတပ်ရင်းမှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူးတစ်ဦးသည် မိမိကွပ်ကဲရသည့် အကြပ်နှင့် ရဲတပ်သားများအား ရဲတပ်ဖွဲ့တွင် ဆက်လက်ထားရှိရန် မလိုအပ်ဟုယူဆလျှင်ဖြစ်စေ ပို၍နိမ့်သော အဆင့်သို့ လျှော့ချသင့်သည်ဟု ယူဆလျှင်ဖြစ်စေ ပုံစံ (၂) တွင် ဖော်ပြထားသည့်အတိုင်း အကြောင်းပြချက်၊ ပြုလုပ်ဆောင်ရွက်သင့်သည့်အချက် စသည်တို့ကို ဖြည့်စွက်

၍ သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်၊

(ခ) သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ရဲတပ်သားတစ်ဦးဦးအား တပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊ အငြိမ်းစားယူနိုင်းခြင်း၊ နုတ်ထွက်နိုင်းခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုံစံ (၃) ကို အသုံးပြုရမည်၊

(ဂ) သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် အကြပ်တစ်ဦးအား ပို၍နိမ့်သောအဆင့်သို့ဖြစ်စေ ရဲတပ်သားအဆင့်သို့ဖြစ်စေ လျှော့ချနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုံစံ (၃) ကို အသုံးပြုရမည်၊

(ဃ) သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည် အကြပ်တစ်ဦးအား ဆက်လက်ထားရန် မလိုအပ်ဟု ယူဆလျှင် မိမိ၏ထင်မြင်ချက်၊ ယူဆချက်ကို ပုံစံ (၂) တွင် ဖြည့်စွက်၍ ရဲချုပ်ထံ ဆက်လက်တင်ပြရမည်။

၈။ ဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ ဆောင်ရွက်သည့်ကိစ္စတွင် သက်ဆိုင်ရာအာဏာပိုင်က အမိန့်ထုတ်ပြန်သည့်အခါ လက်မှတ်ရေးထိုးသည့်နေ့ရက်မှဖြစ်စေ၊ လက်မှတ်ရေးထိုးသည့်နေ့ရက် နောက်ပိုင်းသတ်မှတ်သည့်နေ့ရက်မှဖြစ်စေ အတည်ဖြစ်စေရမည်။ ဥပဒေပုဒ်မ ၉ အရ ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊ နုတ်ထွက်ခွင့်ပေးခြင်း သို့မဟုတ် အငြိမ်းစားပေးခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပုံစံ (၃) တွင် ဖော်ပြထားသည့် လက်မှတ်တစ်စောင်ကို ပေးအပ်ရမည်။

## အခန်း (၄)
## ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်း

၉။ (က) ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်၏ ရဲတပ်ဖွဲ့မှူးသည် ၂၄ နာရီအတွင်း ရဲတပ်ရင်းမှူး သို့မဟုတ် ရဲမှူးအဆင့်ထက်မနိမ့်သော ခရိုင်ရဲတပ်ဖွဲ့မှူးထံ အကျိုးအကြောင်းဖော်ပြ၍ အစီရင်ခံရမည်။ အစီရင်ခံစာပေးပို့ရာတွင် သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲချုပ်ရုံးသို့ မိတ္တူပေးပို့ရမည်၊

(ခ) ရဲတပ်ရင်းမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့သည် အချုပ်နှင့်ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ၇ ရက်ထက်ကျော်လွန်ပြီး ၃၀ ရက်အထိ ဆက်လက်ချုပ်နှောင်နိုင်ခွင့်အတွက် အကျိုးအကြောင်း ဖော်ပြပြီး သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြတောင်းခံရမည်။ တင်ပြ တောင်းခံသည့် စာမိတ္တူကို ရဲချုပ်ရုံးသို့ ပေးပို့ရမည်၊

(ဂ) သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် အချုပ်နှင့်ထားသည့် ရဲတပ်ဖွဲ့ဝင်အား အကျဉ်းနည်းဖြင့် စစ်ဆေးသင့်သည်ဟု ယူဆပါက ရက်ပေါင်း ၃၀ အတွင်း အပြီးအပြတ်စစ်ဆေးပြီး အရာရှိအမှုနှင့် ရဲတရားရုံးဖြင့် စစ်ဆေးသင့်သည်ဟု ယူဆသော အမှုများအား ရက်ပေါင်း ၃၀ ထက်ကျော်လွန်ချုပ်နှောင်ခွင့်ရရှိရန် ရဲချုပ်ထံ အကျိုးအကြောင်းဖော်ပြပြီး တင်ပြတောင်းခံရမည်၊

(ဃ) ရဲချုပ်သည် အချုပ်နှင့်ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရက်ပေါင်း ၆၀ အထိသာ ချုပ်နှောင်နိုင်သည့် အခွင့်အာဏာရှိပြီး ရဲတရားရုံးဖွဲ့စည်းပြီးပါက ရဲတရားရုံးဥက္ကဋ္ဌသည် ရဲတရားရုံး၏ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို အတည်ပြုပြီးသည့်အချိန်အထိ ထိုသူအား ဆက်လက်ချုပ်ထားရန် အမိန့်ပေးနိုင်သည်။

# အခန်း (၅)
# စုံစမ်းစစ်ဆေးရေးခုံရုံးများ

၁၀။ (က) ရဲတပ်ဖွဲ့မှူး သို့မဟုတ် အထက်အာဏာပိုင်တစ်ဦးသည် မှုခင်းအဖြစ်အပျက်တစ်ခုကို စုံစမ်းစစ်ဆေးတင်ပြစေရန် အတွက် စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းနိုင်သည်။ စုံစမ်းစစ်ဆေးရေးခုံရုံးသည် ပုံစံ (၄) ကို အသုံးပြုရမည်၊

(ခ) စုံစမ်းစစ်ဆေးရေးခုံရုံးတွင် အနည်းဆုံးအဖွဲ့ဝင် သုံးဦးပါဝင်စေပြီး အရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့်အရာရှိများနှင့်ပူးတွဲ၍ ရဲအရာခံတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ရဲအရာခံများသော်လည်းကောင်း၊ အကြပ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် အကြပ်များသော်လည်းကောင်း ပါဝင်နိုင်သည်။ ထို့ပြင် မည်သည့်ရဲတပ်ဖွဲ့ သို့မဟုတ် ဌာနကမဆို ဖြစ်နိုင်သည်၊

(ဂ) အရာရှိတစ်ဦးအပေါ် စုံစမ်းရမည့်ခုံရုံးတွင် အရာရှိများချည်းသာပါဝင်ရမည်ဖြစ်ပြီး ထိုအဖွဲ့ဝင်များသည် စုံစမ်းခံရမည့်အရာရှိနှင့် အနည်းဆုံး အဆင့်တူညီသူများ ဖြစ်ရမည်၊

(ဃ) ဝါရင့်အရာရှိသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်၊

(င) ခုံရုံးတွင် အရာရှိတစ်ဦးဦး မလွှဲမရှောင်သာသော အကြောင်းကြောင့် ပျက်ကွက်ခဲ့လျှင် ခုံရုံးဖွဲ့စည်းသည့် အာဏာပိုင်၏ အမိန့်အရ အဖွဲ့ဝင်အရာရှိတစ်ဦး အစားထိုးပြီး ဆက်လက်စုံစမ်းစစ်ဆေးနိုင်သည်။ ဥက္ကဋ္ဌပျက်ကွက်ပါက ကျန်ဝါရင့်အရာရှိက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၁၁။ (က) စုံစမ်းစစ်ဆေးရေး ခုံရုံးအဖွဲ့ဝင်များအား ကျမ်းသစ္စာ၊ ကတိသစ္စာ မပြုစေရ၊

(ခ) သက်သေများအား ကျမ်းသစ္စာ၊ ကတိသစ္စာ မပြုစေရ။ မှန်ကန်စွာထွက်ဆိုရန် သတိပေးပြီးနောက် ထွက်ဆိုစေရမည်။

၁၂။ (က) စုံစမ်းစစ်ဆေးရေးခုံရုံးသည် သက်သေတစ်ဦးဦးက ထွက်ဆိုသည့် သက်သေခံချက်တစ်ခု၏ တိကျမှန်ကန်မှုကို စမ်းသပ်ခြင်းအလို့ငှာ သို့မဟုတ် အမှန်ထွက်ပေါ်လာစေခြင်းအလို့ငှာ ထိုသက်သေအား လိုအပ်သည်ဟု ထင်မြင်ယူဆသည့် မေးခွန်းများ မေးမြန်းနိုင်သည်။ ထို အမေးအဖြေများကို မှတ်တမ်းတင်နိုင်သည်၊

(ခ) နောက်ထပ်သက်သေများအား စစ်မေးရန် သို့မဟုတ် မည်သည့်သက်သေကိုမဆို ထပ်မံစစ်မေးရန် သို့မဟုတ် နောက်ထပ်အကြောင်းခြင်းရာကို ရေးမှတ်ရန်ကိစ္စအတွက် စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားသည့်အခါတိုင်းတွင် စုံစမ်းစစ်ဆေးရေးခုံရုံးကို ပြန်လည်ရုံးထိုင်စေနိုင်သည်၊

(ဂ) စုံစမ်းစစ်ဆေးရေးခုံရုံးသည် လိုအပ်သည့်သက်သေများ စစ်ဆေးခြင်းပြီးဆုံးပါက ခုံရုံး၏ထင်မြင်ယူဆချက်ကို ရေးသားရမည်၊

(ဃ) စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်းကိစ္စဆောင်ရွက်ချက်အားလုံးကို ဥက္ကဋ္ဌကဖွဲ့စည်းသည့် အရာရှိထံ ပို့ရမည်။

၁၃။ (က) ဤဥပဒေကို လိုက်နာရသူတစ်ဦးသည် ၂၁ ရက်ထိ ခွင့်မဲ့ ပျက်ကွက်နေသည့်အခါ စုံစမ်းစစ်ဆေးရေးခုံရုံးတစ်ခုကို ဆောလျှင်နိုင်သမျှ ဆောလျင်စွာဖွဲ့စည်းစေရမည်။ ထိုသူ၏ ခွင့်မဲ့ပျက်ကွက်မှုနှင့် ထိုသူအား အပ်နှံထားသော အစိုးရပိုင် ပစ္စည်းများ သို့မဟုတ် လက်နက်ခဲယမ်းမီးကျောက်များ လျော့နည်းနေခြင်းတစ်ခုခုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရ

မည်။ ထို့နောက် အဆိုပါ ခွင့်မဲ့ပျက်ကွက်ခြင်းသည် ခွင့်ပြုချက်မရရှိဘဲ သို့မဟုတ် အခြားလုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်းဖြစ်သည်ဟု ကျေနပ်ပါက ထိုခုံရုံးသည် အဆိုပါခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း၏ ကာလအပိုင်းအခြားအပြင် ပစ္စည်းလျော့နည်းခြင်းရှိလျှင် အဆိုပါပစ္စည်းလျော့နည်းခြင်းကိုပါ ကြေညာရမည်။ ထိုသို့ ကြေညာရာတွင် ပုံစံ (၅) ကို အသုံးပြုရမည်။ ထို့နောက် ထိုသူပါဝင်သော ရဲတပ်ဖွဲ့ကို ကွပ်ကဲသောအရာရှိက မှတ်တမ်းစာအုပ်တွင် ကြေညာချက်ကို ရေးသွင်းရမည်၊

(ခ) ၂၁ ရက်အထိ ခွင့်မဲ့ပျက်ကွက်သည်ဟု ကြေညာခြင်းခံရသူအား ရဲပြေးဟု မှတ်ယူရမည်။

၁၄။ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းသည့် ရဲတပ်ဖွဲ့မှူး သို့မဟုတ် အထက်အာဏာပိုင်သည် စုံစမ်းစစ်ဆေးပြီး တင်ပြသည့် စုံစမ်းစစ် ဆေးရေးခုံရုံးအမှုတွဲကိုရရှိလျှင် မိမိအားအပ်နှင်းထားသည့် အာဏာအတွင်းရှိပါက ဥပဒေအရ အရေးယူသင့်သည်များကို အရေးယူနိုင်ပြီး အုပ်ချုပ်မှုအာဏာအရ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်နိုင်သည်။ မိမိလုပ်ပိုင်ခွင့်အာဏာထက် ကျော်လွန်သည်ဟု ယူဆသောမှုခင်းများနှင့် အထက်အာဏာပိုင်ထံ တင်ပြရန်လိုသည်ဟု ယူဆသော မှုခင်းများအား စုံစမ်းစစ်ဆေးရေးခုံရုံးအမှုတွဲတွင် မိမိ၏ထင်မြင်ယူဆချက်ကို ထပ်မံရေးသား၍ အထက်အာဏာပိုင်ထံ ပေးပို့ရမည်။

## အခန်း (၆)
## သက်သေခံအကျဉ်းချုပ် ရေးယူခြင်း

၁၅။ (က) ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူ တပ်ဖွဲ့ဝင်တစ်ဦးအား ဆက်လက်အရေးယူနိုင်ရန်အတွက် ရဲတပ်ရင်းမှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးထက်မနိမ့်သော အရာရှိတစ်ဦးသည် သက်သေခံအကျဉ်းချုပ် ရေးယူရန်အငေ

ရဲအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။ သက်သေခံအကျဉ်းချုပ် ရေးယူရာတွင် ပုံစံ (၆) ကို အသုံးပြုရမည်၊

(ခ) သက်သေခံအကျဉ်းချုပ်ရေးယူသည့် အရာရှိသည် စွပ်စွဲခံရသူ၏ ရှေ့မှောက်တွင် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များကို ရေးမှတ်ယူရမည်၊

(ဂ) စွပ်စွဲခံရသူအား သက်သေများကို ပြန်လှန်စစ်မေးနိုင်ခွင့် ပေးရမည်။ မေးခွန်းနှင့် အဖြေများကို သက်သေခံချက်တွင် ဖြည့်စွက်ရေးသားထားရမည်။ သက်သေများအား ၄င်းတို့၏ ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြပြီးမှ မှန်ကန်ကြောင်း အထောက်အထားအဖြစ် သက်သေခံချက်အောက်တွင် ထိုသက်သေက လက်မှတ်ရေးထိုးစေရမည်။ လက်မှတ်ရေးထိုးခြင်း မပြုနိုင်လျှင် လက်ဗွေနှိပ်စေရမည်၊

(ဃ) တရားလိုပြ သက်သေခံချက်ရေးသားပြီးသောအခါ စွပ်စွဲခံရသူအား "သင်တစ်စုံတစ်ရာ ပြောဆိုလိုပါသလား၊ သင်ပြောဆိုလိုမှ ပြောဆိုနိုင်သည်၊ မပြောဆိုလိုက မပြောဘဲနေနိုင်သည်၊ သို့သော်လည်း သင်ပြောဆိုသမျှကို ရေးမှတ်ယူ၍ ၄င်းကိုသက်သေခံအဖြစ် တင်သွင်းလိုလျှင်လည်း တင်သွင်းမည်" ဟု ပြောပြရမည်။ ထိုသို့ မေးမြန်းပြောပြပြီးသည့်အခါ စွပ်စွဲခံရသူ၏ ပြောဆိုချက်ရှိလျှင် ရေးမှတ်ယူရမည့်အပြင် စွပ်စွဲခံရသူအားလည်း ဖတ်ပြရမည်။ သို့သော်လည်း ထိုပြောဆိုချက်နှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူအား ပြန်လှန်မစစ်မေးရ။ ထို့နောက် စွပ်စွဲခံရသူသည် မိမိ၏သက်သေများ (အကျင့်စာရိတ္တ သက်သေအပါအဝင်) ကို ခေါ်နိုင်သည်၊

(င) သက်သေတစ်ဦးဦး လွယ်ကူစွာ လာရောက်နိုင်မည်မဟုတ်ဟု ယူဆသည့်အခါ ထိုသက်သေက လက်မှတ်ရေးထိုးထားသည့် ထွက်ဆိုချက်စာတမ်းအမှတ်အသားကို လက်ခံပြီး ထိုရေးသားထွက်ဆိုချက်ကို စွပ်စွဲခံရသူအား ဖတ်ပြကာ သက်သေခံအကျဉ်းချုပ်တွင် ပူးတွဲနိုင်သည်။ လာရောက်ထွက်ဆိုခြင်း မပြုနိုင်သည့် အကြောင်းပြချက်ကိုလည်း

သက်သေခံအကျဉ်းချုပ်ရေးမှတ်သူ အရာရှိက သက်သေခံ အကျဉ်းချုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၁၆။ သက်သေခံအကျဉ်းချုပ် ရေးမှတ်နိုင်သည့် အရာရှိသည် သက်သေခံ အကျဉ်းချုပ်အား လက်ခံရရှိသည့်အခါ သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ ဆောလျှင်စွာ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး သည် အရာခံ၊ အကြပ်နှင့် ရဲတပ်သားများအပေါ် ရေးမှတ်ယူထားသည့် သက်သေခံအကျဉ်းချုပ်အရ အကျဉ်းနည်းဖြင့် စစ်ဆေးသင့်သည်ဟု ယူဆပါက စစ်ဆေးနိုင်သည်။

၁၈။ သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး သည် အရာရှိများအပေါ် ရေးမှတ်ယူထားသည့် သက်သေခံအကျဉ်းချုပ်နှင့် ရဲတရားရုံးဖြင့် စစ်ဆေးသင့်သည်ဟုယူဆသော အရာခံ၊ အကြပ်နှင့်ရဲတပ်သား များအပေါ် ရေးမှတ်ယူထားသည့် သက်သေခံအကျဉ်းချုပ်များအား ရဲချုပ်ထံ ဆက်လက်တင်ပြရမည်။

၁၉။ ရဲချုပ်သည် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရဲတရားရုံးဖြင့် စစ်ဆေးသင့်သည် ဟု ယူဆပါက ရဲတရားရုံးဖွဲ့၍ စစ်ဆေးစေရမည်။

၂၀။ ရဲချုပ်သည် ဒုတိယရဲမှူးကြီးအဆင့်အောက်နိမ့်သော အရာရှိတစ်ဦးအား အကျဉ်းနည်းဖြင့် စစ်ဆေးသင့်သည်ဟု ယူဆပါက စစ်ဆေးနိုင်သည်။

၂၁။ ရဲချုပ်၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် မိမိထံတင်ပြလာ သော သက်သေခံအကျဉ်းချုပ်အရ စွပ်စွဲချက်သည် ပေါ်လွင်မှုမရှိပါက ပလပ် နိုင်သည်။ ထို့ပြင် ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၇ အရ အုပ်ချုပ်မှုအာဏာဖြင့် အရေးယူသင့်သည်ဟု ယူဆပါက အရေးယူနိုင်သည်။

## အခန်း (၇)
## စွဲချက်လွှာများ

၂၂။ (က) စွဲချက်လွှာတွင် ရဲတရားရုံး သို့မဟုတ် အကျဉ်းနည်းဖြင့် တစ်ကြိမ်တည်း စစ်ဆေးစီရင်ရန် စွပ်စွဲချက်အကြောင်းအရာ တစ်ခု သို့မဟုတ် စွပ်စွဲချက် အကြောင်းအရာအားလုံး ပါဝင်ရမည်။ ပုံစံ (၇) ကို အသုံးပြုရမည်၊

(ခ) စွဲချက်ဆိုသည်မှာ ဤဥပဒေကို လိုက်နာရသူသည် ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသည့် စွဲချက်လွှာတွင်ပါရှိသော စွပ်စွဲချက်တစ်ခုကို ဆိုလိုသည်၊

(ဂ) စွဲချက်လွှာတွင် စွဲချက်တစ်ခုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ပါရှိနိုင်သည်။

၂၃။ စွဲချက်လွှာတိုင်းသည် တရားခံ၏ ရဲတပ်ဖွဲ့၊ ကိုယ်ပိုင်အမှတ်၊ အဆင့် အမည်တို့ကိုဖော်ပြသည့် အကြောင်းအရာများဖြင့် စရမည်။ အခြားရဲတပ်ဖွဲ့ တစ်ခုခုတွင် တွဲဖက်စစ်ဆေးပါက တွဲဖက် ထားကြောင်း ဖော်ပြရမည်။

၂၄။ (က) စွဲချက်တစ်ခုတွင် ပြစ်မှုတစ်ခုသာ ဖော်ပြရမည်။ ထို့ပြင် မည်သည့်နည်းနှင့်မျှ ပြစ်မှုတစ်ခုကို ထိုစွဲချက်တွင် အခြားနည်းဖြင့် ဖော်ပြခြင်းမပြုရ၊

(ခ) စွဲချက်တစ်ခုစီကို ပြစ်မှုအကြောင်းအရာ ဖော်ပြချက်နှင့် ပြစ်မှုမြောက်သောပြုလုပ်မှု၊ ပေါ့လျော့မှု သို့မဟုတ် ပျက်ကွက်မှု၏ အကြောင်းအချက်များ ဖော်ပြချက်ဟု နှစ်ပိုင်း ပိုင်းခြားထားရမည်၊

(ဂ) ပြစ်မှုသည် သက်ဆိုင်ရာဥပဒေပါ လုံလောက်သောစကား လုံးများဖြင့် ဖော်ပြရမည်၊

(ဃ) အကြောင်းအချက်များသည် ပြစ်မှုမြောက်သော မည်သည့် ပြုလုပ်မှု၊ ပေါ့လျော့မှု သို့မဟုတ် ပျက်ကွက်မှုကို တရားခံ

အပေါ် သက်သေထင်ရှားပြသရန် ရည်ရွယ်ကြောင်း တရားခံအား သိရှိစေနိုင်သည့် စွပ်စွဲထားသည့် ပြစ်မှုနှင့် စပ်လျဉ်းသော ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ဖော်ပြရမည်၊

(င) စွဲချက်တစ်ခုပါ အကြောင်းအချက်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အခြားစွဲချက်တစ်ခုပါ အကြောင်းအချက်များကို ရည်ညွှန်း၍ စွဲချက်တင်နိုင်သည်။ ထို့ပြင် ထိုသို့စွဲချက်တင်ရာတွင် အဆိုပါရည်ညွှန်းစာပါသော အကြောင်းအချက်များသည် ပထမဖော်ပြသောစွဲချက်တွင် အပါအဝင်ဖြစ်သည့်နည်းတူ အခြားစွဲချက်တွင်လည်း အပါအဝင်ဖြစ်သည်ဟု မှတ်ယူရမည်၊

(စ) စွဲဆိုသည့်ပြစ်မှုကြောင့် ငွေပေးလျော်စေခြင်း ပြစ်ဒဏ်တစ်ခုခုချမှတ်နိုင်သော မည်သည့်အကြောင်းခြင်းရာများကိုမဆို သက်သေထင်ရှားပြရန် ရည်ရွယ်သည့်အခါ ထိုအကြောင်းခြင်းရာများကို ဖော်ပြရမည်၊

(ဆ) စွဲချက်လွှာပေါ်တွင် တရားခံကိုကွပ်ကဲရသော ရဲတပ်ဖွဲ့မှူးက လက်မှတ်ရေးထိုးရမည့်ပြင် ထိုသို့လက်မှတ်ရေးထိုးသည့် နေရာအရပ်နှင့် နေ့ရက်လည်း ပါရှိရမည်။

၂၅။ (က) စွဲချက်လွှာတွင် တရားခံ၏အမည်နှင့် အကြောင်းအရာတွင် မှားယွင်းချက်ပါရှိနေသည့် အကြောင်းကြောင့်ဖြစ်စေ၊ တရားခံအား မတရားမှုဖြစ်စေနိုင်သည့် အကြောင်း မဟုတ်သည့် အခြားမှားယွင်းချက်တစ်ခုကြောင့်ဖြစ်စေ မခိုင်လုံမရှိစေရ၊

(ခ) နည်းဥပဒေခွဲ (က) ပါ မှားယွင်းချက်မျိုး တွေ့ရှိပါက ရဲတရားရုံးသည် ပြင်ဆင်နိုင်ခွင့်ရှိသည်။

## အခန်း (၈)
## ခုခံချေပရေးအတွက် တရားခံအား ပြင်ဆင်ခွင့်ပေးခြင်း

၂၆။ (က) တရားခံအား ရဲတရားရုံးဖြင့် မစစ်ဆေးမီ အနည်းဆုံး ၂၄ နာရီ ကြိုတင်၍ စွဲချက်လွှာမိတ္တူတစ်စောင်နှင့် သက်သေခံ အကျဉ်းချုပ် မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ ရဲတပ်ရင်း သို့မဟုတ် ရဲတပ်ဖွဲ့က ၎င်းအား ပေးအပ်ရမည်၊

(ခ) တရားခံတစ်ဦးသည် မိမိ၏ ခုခံချေပရေးအတွက် မိမိခေါ်ယူ လိုသော မည်သည့်သက်သေများကိုမဆို တွေ့ဆုံဆွေးနွေးရန် အခွင့်အရေးရရှိရမည်။ ရဲတရားရုံးသို့ သက်သေတင်ပြလိုပါ က တင်ပြနိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ဂ) တရားခံအား စစ်ဆေးစီရင်သည့်အခါ ဤနည်းဥပဒေများ အတိုင်း မလိုက်နာမှုတစ်ခုခုကြောင့် တရားခံအား ထိခိုက် နစ်နာဖွယ်ရာ အကြောင်းရှိသည်ဟု ရဲတရားရုံးက ထင်မြင် ယူဆလျှင် ထိုသို့တရားခံအား ထိခိုက်နစ်နာစေခြင်း မဖြစ် စေရန် ရဲတရားရုံးက ဆောင်ရွက်ရမည့်အပြင် ရွှေ့ဆိုင်းရန် လိုအပ်လျှင်လည်း ရွှေ့ဆိုင်းရမည်။

## အခန်း (၉)
## အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်း

၂၇။ (က) ရဲတပ်ရင်းမှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးထက် မနိမ့်သော အရာရှိသည် ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် မိမိ ကွပ်ကဲရသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အကျဉ်းနည်းဖြင့် စစ်ဆးသင့်သည်ဟု ထင်မြင်ယူဆပါက သက်သေခံအကျဉ်း ချုပ်ကို ၇ ရက်အတွင်း အပြီးရေးယူ၍ သက်ဆိုင်ရာအထက် အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ ကင်ပြရ မည်၊

(ခ) သက်ဆိုင်ရာ အထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပေါ် အရေးယူထားသည့် သက်သေခံအကျဉ်းချုပ်ကို လေ့လာပြီး အကျဉ်းနည်းဖြင့် စစ်ဆေးသင့်သည်ဟု ယူဆသော အရာခံ၊ အကြပ်နှင့် ရဲတပ်သားများ၏ အမှုအား ပုံစံ (၈) အတိုင်း တစ်လအတွင်း အပြီးစစ်ဆေးရမည်။ စစ်ဆေးပြီးပါက အမှုတွဲကို ထပ်ဆင့်လက်မှတ်ရေးထိုးနိုင်ရန် ရဲချုပ်ထံပေးပို့ တင်ပြရမည်။ ရဲတရားရုံးဖြင့် စစ်ဆေးသင့်သည်ဟု ယူဆသော အမှုများအား မိမိ၏ထင်မြင်ယူဆချက်နှင့်အတူ ရဲချုပ်ထံသို့ ဆက်လက်ပေးပို့ရမည်၊

(ဂ) ရဲတပ်ရင်းမှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုရဲမှူးကြီးအဆင့်ထက်မနိမ့်သော အခြားရဲတပ်ဖွဲ့မှူးတစ်ဦးသည် ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဒုရဲမှူးကြီးအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးအား အကျဉ်း နည်းဖြင့် စစ်ဆေးသင့်သည်ဟု ယူဆပါက သက်သေခံ အကျဉ်းချုပ် ရေးယူစေပြီး သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ရဲချုပ်ထံ ပေးပို့ ရမည်၊

(ဃ) ရဲချုပ်သည် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပေါ် ရေးယူထားသည့် သက်သေခံအကျဉ်းချုပ်ကို လေ့လာပြီး ဒုရဲမှူးကြီးအဆင့်အောက်နိမ့်သော အရာရှိများအား အကျဉ်းနည်းဖြင့် စစ်ဆေးသင့်က ပုံစံ (၉) နှင့် (၁၀) အတိုင်း ဆောင်ရွက်ရမည်။ စစ်ဆေးပြီးပါက အမှုတွဲကို ထပ်ဆင့်လက်မှတ်ရေးထိုးနိုင်ရန် ပြည်ထဲရေးဝန်ကြီးထံ ပေးပို့တင်ပြရမည်။ ရဲတရားရုံးဖြင့် စစ်ဆေးသင့်သည်ဟုယူဆသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အခန်း (၁၀) တွင် ဖော်ပြထားသည့် ကျင့်ထုံးအတိုင်း ဆက်လက်စစ်ဆေးစေရမည်၊

(င) ရဲချုပ်သည် ဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ (က) အရ အကျဉ်းနည်းဖြင့် စစ်ဆေးထားသော အမှုတွဲအား ထပ်ဆင့်လက်မှတ်ရေးထိုးရာတွင် သက်ဆိုင်ရာအထက်အရာရှိ၊ တိုင်း သို့

ပြည်နယ်ရဲတပ်ဖွဲ့မှူးက အရာခံ သို့မဟုတ် အကြပ်တစ်ဦးအား ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၁) ပါ ပြစ်ဒဏ်ချမှတ်ထားပါက ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) ပါ အုပ်ချုပ်မှုအာဏာ အရ အဆိုပါသူ တစ်ဦးဦးအား ရဲတပ်သားအဆင့်သို့ လျှော့ ချရမည်။

## အခန်း (၁၀)
## ရဲတရားရုံး

၂၈။ (က) ရဲချုပ်သည် ရဲတရားရုံးကို မဖွဲ့စည်းမီ ရဲတရားရုံးက စစ်ဆေးစီရင်ရန်ဖြစ်သော စွဲချက်များသည် ဥပဒေတွင် အကျုံးဝင်သော ပြစ်မှုများဖြစ်သည့်ပြင် သက်သေခံချက် အရလည်း စစ်ဆေးစီရင်ထိုက်သော စွဲချက်များဖြစ်သည်ဟု ဦးစွာပထမ ကိုယ်တိုင် ကျေနပ်ရမည်။ ထိုသို့ ကျေနပ်မှုမရှိလျှင် တရားခံအား လွှတ်ရန် အမိန့်ပေးရမည်၊

(ခ) အမှုမှာ ရဲချုပ်က ဖွဲ့စည်းရန် ရည်ရွယ်သောရဲတရားရုံးဖြင့် စစ်ဆေးစီရင်သင့်သည့် အမှုတစ်ခုဖြစ်သည်ဟုလည်း ထိုအရာရှိကိုယ်တိုင်က ကျေနပ်ရမည်၊

(ဂ) ရဲချုပ်သည် ရဲတရားရုံးတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ပြန်တမ်းဝင်အရာရှိများကို တာဝန်ပေးရမည်။ ထို့ပြင် အရန်အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အရာရှိများကိုလည်း တာဝန်ပေးနိုင်သည်၊

(ဃ) ရဲချုပ်သည် ရဲတရားရုံး၏ ဝါအရင့်ဆုံးအဖွဲ့ဝင်ထံ တရားခံကိုစွဲဆိုရန် လျာထားသောစွဲချက်လွှာမူရင်း၊ သက်သေခံ အကျဉ်းချုပ်နှင့် တရားရုံးထိုင်ရန်အတွက် အမိန့်စာကိုပါ ပေးရမည်။ ရဲချုပ်သည် ရဲတရားရုံး၏ အခြားအဖွဲ့ဝင်များထံ သို့လည်း စွဲချက်လွှာ မိတ္တူများကို ပို့ရမည်။

၂၉။ (က) ဤဥပဒေကို လိုက်နာရသူမဟုတ်လျှင် ရဲတရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိ၊

(ခ) အရာရှိတစ်ဦးမှာ -

(၁) တရားလိုဘက် အမှုလိုက်အရာရှိသော်လည်းကောင်း၊ တရားလိုဘက် သက်သေသော်လည်းကောင်း ဖြစ်နေလျှင် သို့မဟုတ်

(၂) စစ်ဆေးစီရင်ခြင်း မပြုမီ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးခဲ့လျှင် သို့မဟုတ် သက်သေခံအကျဉ်းချုပ်ကို ရေးယူခဲ့လျှင် သို့မဟုတ် တရားခံအပေါ် စွဲဆိုသည့်စွဲချက်များနှင့် စပ်လျဉ်း၍ စုံစမ်းသည့် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခဲ့လျှင် သို့မဟုတ် အမှုကို ရှေးဦးစုံစမ်းစစ်ဆေးခြင်းပြုလုပ်သည့် အရာရှိဖြစ်ခဲ့လျှင် သို့မဟုတ် ထိုဖြစ်မှုနှင့်စပ်လျဉ်း၍ တရားခံအား စစ်ဆေးခဲ့သောယခင်ရဲတရားရုံး၏ အဖွဲ့ဝင်ဖြစ်ခဲ့လျှင် သို့မဟုတ်

(၃) တရားခံအား တိုက်ရိုက်ကွပ်ကဲသည့် ရဲဘော်ဖွဲ့ဝင်ဖြစ်လျှင် သို့မဟုတ်

(၄) အမှုတွင် ကိုယ်ရေးကိုယ်တာအတွက် အကျိုးသက်ဆိုင်ခြင်းရှိလျှင် အရည်အချင်း ပျက်ယွင်းခြင်းကြောင့် ရဲတရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိစေရ။

၃၀။ ရဲတရားရုံးတွင် ကွဲပြားသော ရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ကွဲပြားသော ဌာနများ၏ အရာရှိများ ပါဝင်နိုင်သမျှ ပါဝင်ရမည်။ ထို့ပြင် မည်သည့်နည်းနှင့်မျှ တရားခံပါဝင်သောတပ်ဖွဲ့ သို့မဟုတ် ဌာန၏ အရာရှိများသက်သက်သာလျှင် ထိုရဲတရားရုံးတွင် မပါဝင်ရ။

**စစ်ဆေးစီရင်ရာ၌ လိုက်နာရမည့် ကျင့်ထုံး၊ ရဲတရားရုံး ဖွဲ့စည်းခြင်း**

၃၁။ (က) ရဲတရားရုံးထိုင်သည့်အခါ ရဲတရားရုံး ဖွဲ့စည်းသည့်အမိန့်စာ၊ စွဲချက်လွှာ၊ သက်သေခံအကျဉ်းချုပ်၊ ရဲတရားရုံးတွင် ဆောင်ရွက်ရန် တာဝန်ပေးထားသော အရာရှိများ၏ အဆင့်များ၊ အမည်များနှင့် ရဲတပ်ဖွဲ့တို့ကို ရဲတရားရုံးရှေ့တွင် တင်ပြထားရမည်၊

(၁) ရဲတရားရုံးက စုံစမ်း၍ သေချာစွာသိရှိရသမျှမှာ ရဲတရားရုံးကို ဥပဒေ၏ ပြဋ္ဌာန်းချက်များအပြင် ဤနည်းဥပဒေများနှင့်အညီလည်း ဖွဲ့စည်းထားကြောင်း၊

(၂) ရဲတရားရုံးတွင် တရားဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့ဝင်အနည်းဆုံးဦးရေအောက် မလျော့သော အရာရှိများပါဝင်ကြောင်း၊

(၃) ထိုသို့ရုံးထိုင်ရသည့်အရာရှိ အသီးသီးကို ရဲတရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည့်ပြင် အရည်အချင်းပျက်ယွင်းခြင်းလည်း မရှိကြောင်း၊

(၄) ရဲတရားရုံးတွင် လိုအပ်သောအဆင့်ရှိသူ အရာရှိများဖြစ်ကြောင်းကိုလည်း ရဲတရားရုံးက ကျေနပ်ရမည်၊

(ခ) ရဲတရားရုံးသည် အထက်တွင်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်လျှင် မိမိ၏ထင်မြင်ယူဆချက်ကို ရဲတရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံသို့ အစီရင်ခံရမည်။ ထို့ပြင် ထိုကိစ္စအတွက် ရဲတရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

၃၂။ နည်းဥပဒေ ၃၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဖြစ်ကြောင်း ရဲတရားရုံးက ကျေနပ်သောအခါ ရဲတရားရုံး ရှေ့မှောက်သို့ တရားခံကို ခေါ်ဆောင်လာစေရမည်။ ထို့ပြင် တရားလိုဘက်မှ အမှုလိုက်အရာရှိက ရဲတရားရုံးတွင် မိမိ၏ နေရာကို ယူရမည်။ ထိုအရာရှိသည် ဤဥပဒေကိုလိုက်နာရသူ ဖြစ်ရမည်။

၃၃။ (က) တရားခံစိတ် ပေါ့သွပ်သည့်အတွက် ရဲတရားရုံးတွင် ခုခံချေပနိုင်စွမ်းမရှိပါဟု တရားခံဘက်မှ တင်ပြလိုပါက ရဲတရားရုံးအဖွဲ့ဝင်များ ကျမ်းသစ္စာမပြုမီတွင် တင်ပြရမည်၊

(ခ) အဆိုပါတင်ပြချက်အား တရားလိုဘက်မှ ချေပလိုပါက ခွင့်ပြုရမည့်အပြင် စိတ်ရောဂါကု ပါရဂူကိုလည်း ခေါ်ယူစစ်ဆေးပြီး ဆေးလက်မှတ်ကို တင်ပြစေရမည်၊

(ဂ) ရဲတရားရုံးသည် တရားခံ ခုခံချေပနိုင်စွမ်းရှိသည်ဟု ဆုံးဖြတ်ပါက အမှုကိုဆက်လက်စစ်ဆေးရမည်။ ခုခံချေပနိုင်စွမ်း မရှိဟု ဆုံးဖြတ်ပါက ပုံစံ (၁၁) ကို အသုံးပြုရမည်။ ယင်း ဆုံးဖြတ်ချက်အား အမှုတွဲနှင့်တကွ ရဲချုပ်ထံ တင်ပြရမည်၊

(ဃ) ရဲချုပ်သည် ရဲတရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုပြီး ရဲတရားရုံးအား ဖျက်သိမ်းရမည်။ ထိုသို့ဖျက်သိမ်းပါက ဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (ဃ) အရ ထပ်မံစစ်ဆေးစီရင်နိုင်သည်၊

(င) ရဲချုပ်သည် တရားခံအား ဆေးကုသမှုခံယူရန်အတွက် စိတ်ရောဂါကုဆေးရုံသို့ပို့ရန် ညွှန်ကြားရမည်။

၃၄။ ရဲတရားရုံးဖွဲ့စည်းသည့် အမိန့်စာနှင့် ရဲတရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်များကို တရားခံအား ဖတ်ပြရမည့်ပြင် ဥပဒေ ပုဒ်မ ၄၀ နှင့်အညီ ရဲတရားရုံးတွင် ပါဝင်ရုံးထိုင်နေသော အရာရှိတစ်ဦးဦး၏ စစ်ဆေးစီရင်ခြင်းကို

ကန့်ကွက်လို မလို တရားခံအား မေးမြန်းရမည်။ ထိုကန့်ကွက်ချက်တစ်ခုခုကို အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ သို့ရာတွင် -

(က) ကန့်ကွက်ချက်တစ်ခုခုကို ပြီးပြတ်အောင် မဆောင်ရွက်မီ ရဲတရားရုံးတွင် ပါဝင်နေသည့် ကန့်ကွက်သောအရာရှိအားလုံး၏ အမည်များကို တရားခံက ထုတ်ဖော်ပြောရမည်၊

(ခ) တရားခံသည် မိမိ၏ကန့်ကွက်ချက်ကို ထောက်ခံသော သက်သေခံချက်ပေးရန် မည်သူ့ကိုမဆို ခေါ်နိုင်သည်။ ထို့ပြင် ထိုသက်သေအား တရားခံနှင့် ရဲတရားရုံးကပါ မေးမြန်းနိုင်သည်၊

(ဂ) အရာရှိတစ်ဦးထက်ပို၍ ကန့်ကွက်ခြင်းခံရလျှင် ကန့်ကွက်ချက်ကို အရာရှိတစ်ဦးစီ ခွဲခြား၍ ပြီးပြတ်အောင် ဆုံးဖြတ်ရမည်။ ထို့ပြင် အနိမ့်ဆုံးအဆင့်ရှိသည့် အရာရှိများနှင့် စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို ပထမပြီးပြတ်အောင် ဆုံးဖြတ်ရမည်။ အရာရှိတစ်ဦးအား ကန့်ကွက်သည့်အခါ ကန့်ကွက်ခြင်းခံရသည့် အရာရှိ၏မျက်ကွယ်တွင် ရဲတရားရုံး၏ ကျန်အရာရှိများသည် မိမိတို့အနက် မည်သည့်အရာရှိကိုမဆို ကန့်ကွက်ထားစေကာမူ အဆိုပါကန့်ကွက်ခြင်းနှင့် စပ်လျဉ်းပြီး ပြီးပြတ်အောင် မဲပေးဆုံးဖြတ်ရမည်၊

(ဃ) အရာရှိတစ်ဦးနှင့်စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို ခွင့်ပြုသောအခါ ထိုအရာရှိသည် ရဲတရားရုံး အဖွဲ့ဝင်အဖြစ်မှ ချက်ခြင်းနုတ်ထွက်ရမည့်ပြင် မှုခင်းကိစ္စဆောင်ရွက်ခြင်းများတွင် ဆက်လက်၍ မပါဝင်ရ။

၃၅။ ကန့်ကွက်ခြင်းမခံရသော သို့မဟုတ် ကန့်ကွက်ခြင်းခံရသော်လည်း ထိုကန့်ကွက်ချက်များ ပယ်ပြီးဖြစ်သော အရာရှိဦးရေ လုံလောက်စွာပါဝင်လျက် ရဲတရားရုံးကို ဖွဲ့စည်းပြီးလျှင် ပြီးချင်း အောက်ပါသစ္စာပြုချက်ပုံစံတစ်ခုခုအရ မဟုတ် ထိုသူကိုးကွယ်သည့်ဘာသာနှင့်အညီဖြစ်စေ၊ ထိုသူ၏စိတ်တွင် စွဲမြဲ

စေသည့် အခြားနည်းနှင့်အညီဖြစ်စေ ထပ်တူသစ္စာပြုခြင်း သဘောသက်ရောက်သည်ဟု ရဲတရားရုံးက အမှန် ကို စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်း သစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း၊ ရဲတရားရုံးအဖွဲ့ဝင်တိုင်း အားပြုစေရမည်။

## ကျမ်းသစ္စာပြုချက်ပုံစံ

"ကျွန်ုပ် ........ သည် ရဲတရားရုံးရှေ့မှောက်ရှိ တရားခံ သို့မဟုတ် တရားခံများကို သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟုလည်းကောင်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ တရားစီရင်ပါမည်ဟုလည်းကောင်း၊ သံသယဖြစ်မှု တစ်ခုခုပေါ်ပေါက်လျှင် ဖြောင့်မတ်မှန်ကန်စွာ နားလည်သမျှနှင့် အလားတူကိစ္စများတွင် လိုက်နာရသည့် ရဲထုံးတမ်းအရ တရားစီရင်ပါမည်ဟုလည်းကောင်း ကျမ်းသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း ပြစ်မှုဆိုင်ရာ တရားရုံးကဖြစ်စေ၊ ရဲတရားရုံးကဖြစ်စေ သက်သေခံခိုင်းသည့်အခါမှတစ်ပါး အခြားမည်သည့်အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို ဤရဲတရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော်လည်းကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည် မဟုတ်ပါ။ သို့မဟုတ် သိရှိအောင်ပြုလုပ်မည် မဟုတ်ပါဟုလည်း ထပ်ဆောင်း၍ ကျွန်ုပ်သစ္စာပြုပါသည်။"

## ကတိသစ္စာပြုချက်ပုံစံ

"ကျွန်ုပ် ........ သည် ရဲတရားရုံးရှေ့မှောက်ရှိ တရားခံ သို့မဟုတ် တရားခံများကို သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟုလည်းကောင်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟုလည်းကောင်း၊ သံသယဖြစ်မှု တစ်ခုခုပေါ်ပေါ

လျှင် ဖြောင့်မတ်မှန်ကန်စွာ နားလည်သမျှ တရားစီရင်ပါမည်ဟုလည်းကောင်း၊ လေးနက်တည်ကြည်မှန်ကန်စွာ ကြေညာ၍ သစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း ပြစ်မှုဆိုင်ရာ တရားရုံးကဖြစ်စေ၊ ရဲတရားရုံးကဖြစ်စေ သက်သေခံနိုင်းသည့်အခါမှတစ်ပါး မည်သည့်အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို ဤတရားရုံးအဖွဲ့ဝင်တစ်ဦးဦး၏ မဲကိုသော် လည်းကောင်း၊ ထင်မြင်ချက်ကိုသော်လည်းကောင်း ကျွန်ုပ်က ထုတ်ဖော် ပြော ဆိုမည် မဟုတ်ပါ။ သို့မဟုတ် သိရှိအောင်ပြုလုပ်မည် မဟုတ်ပါဟုလည်း၊ လေးနက်တည်ကြည်မှန်ကန်စွာ ထပ်လောင်းကြေညာ၍ ကျွန်ုပ်က ကတိသစ္စာပြုပါသည်။"

**တရားလိုဘက် စစ်ဆေးခြင်း၊ တရားခံဘက်စစ်ဆေးခြင်း**

၃၆။ (က) အထက်တွင် ဖော်ပြထားသည့်အတိုင်း ရဲတရားရုံးအဖွဲ့ဝင်များနှင့် အခြားသူများ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုပြီးသည့်နောက် တရားခံအပေါ် စွဲဆိုထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍ တရားခံအား စွဲချက်တင်၍ စစ်မေးရမည်၊

(ခ) တရားခံအပေါ် စွဲဆိုထားသည့် စွဲချက်များကို တရားခံအားဖတ်ပြရမည့်ပြင် စွဲချက်တစ်ခုစီအတွက် ခွဲခြား၍ တရားခံအား ဖြေကြားစေရမည်။

၃၇။ (က) တရားခံ၏ "အပြစ်ရှိသည်" သို့မဟုတ် "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကို (သို့မဟုတ် တရားခံက ဖြေကြားရန်ငြင်းဆိုသည်ဖြစ်စေ၊ "အပြစ်ရှိသည်" သို့မဟုတ် "အပြစ်မရှိ" ဟု နားလည်နိုင်အောင် ဖြေကြားခြင်းမပြုလျှင်ဖြစ်စေ "အပြစ်မရှိ" ဆိုသည့် ဖြေကြားချက်ကို) စွဲချက်အသီးသီးတွင် ရေးမှတ်ရမည်၊

(ခ) တရားခံတစ်ဦးက "အပြစ်ရှိသည်" ဟု ဖြေကြားလျှင် ထိုဖြေကြားချက်ကို ရဲတရားရုံး၏ ဆုံးဖြတ်ချက်အဖြစ် ရေးမှတ်ရမည်။ သို့သော်လည်း ထိုဖြေကြားချက်ကို မရေး

မှတ်မိ ရဲတရားရုံး၏ကိုယ်စား ရဲတရားရုံးဥက္ကဋ္ဌက ထို တရားခံသည် မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏ သဘောကို နားလည်သည်ဟု သေချာစွာ စိစစ်ရ မည့်အပြင် ထိုဖြေကြားချက်၏ ယေဘူယျအကျိုးသက် ရောက်မှု အထူးသဖြင့် မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက် သည့် စွဲချက်၏အဓိပ္ပါယ်၊ အပြစ်ရှိသည်ဆိုသည့် ဖြေကြားချက်က ဖြစ်ပေါ်စေမည့် ကျင့်ထုံးကွဲပြားခြားနား မှုကို တရားခံအား ပြောပြရမည်။ ကို့ပြင် သက်သေခံ အကျဉ်းချုပ်ကို ထောက် ရှု၍ "အပြစ်မရှိ" ကြောင်း တရားခံက ဖြေကြားသင့်သည် ဟုယူဆလျှင် ထိုဖြေကြား ချက်ကို နုတ်သိမ်းရန် တရားခံ အား အကြံပေးရမည်။

(ဂ) အခြားနည်းစွဲဆိုထားသော စွဲချက်နှစ်ခုအနက် သို့မဟုတ် နှစ် ခုထက်ပိုသော စွဲချက်များအနက် ပထမစွဲချက်ကို "အပြစ်ရှိ သည်" ဟု တရားခံက ဖြေကြားရာတွင် နည်းဥပဒေခွဲ (ခ) အရ ရဲတရားရုံးက လိုက်နာဆောင်ရွက်ပြီးသည့်နောက် အခြားနည်းစွဲချက် သို့မဟုတ် စွဲချက်များအရ တရားခံအား မစစ်ဆေးမီ ထိုစွဲချက် သို့မဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍ တရားခံအား ဖြေကြားမခိုင်းဘဲ တရားလိုဘက် အမှုလိုက် အရာရှိသည် ထို စွဲချက် သို့မဟုတ် စွဲချက်များကို နုတ်သိမ်း နိုင်သည်။ ထိုသို့ နုတ်သိမ်းကြောင်းကို ရဲတရားရုံး၏ အမှုထဲ တွင် ရေးမှတ်ရ မည်။

၃၈။ (က) "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီး နောက် "အပြစ်မရှိ" ဟူသော ဖြေကြားချက်ပေးထားသော အခြားစွဲချက်များလည်း ထိုစွဲချက်လွှာတစ်ခုတည်းမှာပင် ပါရှိနေလျှင် "အပြစ်မရှိ" ဟု ဖြေကြားထားသည့်စွဲချက်များ နှင့်စပ်လျဉ်း စစ်ဆေးစီရင်ခြင်းကို ဦးစွာပထမဆောင်ရွက် ရမည်။ ထို့ပြင် ထိုစွဲချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ခ

ပြီးနောက် "အပြစ်ရှိသည်" ဟူသော ဖြေကြားချက် ရေးသွင်းထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(ခ) အခြားနည်းစွဲချက်များကို တင်ထားရာတွင် ပို၍ကြီးလေးသောပြစ်မှုကို ထုတ်ဖော်စွပ်စွဲသည့်စွဲချက်နှင့် စပ်လျဉ်း၍ "အပြစ်မရှိ" ဟု ဖြေကြားပြီး အခြားစွဲချက်နှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟု တရားခံဖြေကြားပါက စွဲချက်အားလုံးနှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟု တရားခံဖြေကြားဘိသကဲ့သို့ ရုံတရားရုံးသည် တရားခံအား စစ်ဆေးစီရင်ရမည်၊

(ဂ) စွဲချက်တစ်ခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက် အခြားစွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်လျှင် ထိုစွဲချက်ကို ရည်ညွှန်း၍ တရားခံကထွက်ဆိုသောထွက်ဆိုချက်တစ်ခုခုကို ရုံတရားရုံးက လက်ခံရမည်။ ထို့ပြင် ရုံတရားရုံးသည် သက်သေခံအကျဉ်းချုပ်ကို ဖတ်ပြပြီးနောက် အမှုတွဲတွင် ပူးတွဲထားရမည်၊

(ဃ) သက်သေခံအကျဉ်းချုပ်ကို ဖတ်ပြပြီးနောက် တရားခံသည် ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက် ထွက်ဆိုချက်တစ်ရပ်ကို ပေးနိုင်သည့်ပြင် မိမိ၏အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်း သက်သေပြနိုင်သည်၊

(င) တရားခံ၏ ထွက်ဆိုချက်ကိုသော်လည်းကောင်း၊ သက်သေခံအကျဉ်းချုပ်ကိုသော်လည်းကောင်း၊ အခြားအကြောင်းအရာကိုသော်လည်းကောင်း ထောက်ရှုလျက် တရားခံသည် "အပြစ်ရှိသည်" ဟူသော မိမိ၏ဖြေကြားချက်ကို မည်သို့အကျိုးသက်ရောက်သည်ကို နားမလည်ဟု ရုံတရားရုံးက ထင်မြင်ယူဆလျှင် ရုံတရားရုံးသည် ထိုရေးမှတ်ချက်ကို ပြောင်းလဲ၍ "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကို ရေးသွင်းပြီးနောက် စစ်ဆေးစီရင်ခြင်းကို "အပြစ်မရှိ" ဟူ

သော ဖြေကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(စ) "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက် ထိုစွဲချက်လွှာတစ်ခုတည်းတွင်ပါရှိသော အခြားစွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်လျက် ထိုစွဲချက်လွှာတစ်ခုထဲတွင် ပါရှိသည့် အခြားစွဲချက်များအတွက် ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ပြီးသောအခါတွင် နည်းဥပဒေခွဲ (ဂ) နှင့် (ဃ)အရ ဆက်လက်ဆောင်ရွက်ရမည်၊

(ဆ) တရားခံက ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်သည့်အခါ ရဲတရားရုံးသည် ထိုထွက်ဆိုချက်မှာ သက်သေထင်ရှားပြရန် လိုအပ်သောထွက်ဆိုချက်ဖြစ်သည့်ပြင် သက်သေထင်ရှားပြလျှင် ပြစ်ဒဏ်မည်ရွေ့မည်မျှချမှတ်ရန် စဉ်းစားထိုက်သည်ဟုယူဆလျှင် တရားခံအား ထိုထွက်ဆိုချက်ကို ထင်ရှားအောင်ပြုစေခြင်းငှာ သက်သေပြရန် ခွင့်ပြုနိုင်သည်။

၃၉။ စစ်ဆေးစီရင်နေစဉ် မည်သည့်အချိန်အခါ၌ တရားခံသည် မိမိသင့်တော်မည်ထင်လျှင် "အပြစ်မရှိ" ဟူသော မိမိ၏ဖြေကြားချက်ကို နုတ်သိမ်းနိုင်သည့်ပြင် "အပြစ်ရှိသည်" ဟု ဖြေကြားနိုင်သည်။ ထိုကိစ္စမျိုးတွင် ရဲတရားရုံးသည် နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ (ခ) နှင့် (ဂ) အရ လိုက်နာဆောင်ရွက်လျှင် "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်နှင့် ဆုံးဖြတ်ချက်ကို ချက်ချင်းရေးသားချမှတ်ရမည့်ပြင် လိုအပ်သမျှကို နည်းဥပဒေ ၃၈ က ညွှန်ကြားသည့် နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၄၀။ စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက် စစ်ဆေးစီရင်ခြင်းကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည် -

(က) စစ်ဆေးစီရင်ခြင်းမစမီ လိုက်နာရမည့်ကျင့်ထုံးနှင့် စပ်ဆိုင်

သည့် နည်းဥပဒေများအနက် နည်းဥပဒေတစ်ခုခုကို လိုက်နာဆောင်ရွက်ခြင်း မပြုခဲ့သည့်ပြင် ထိုသို့မပြုသည့်အတွက် အကျိုးယုတ်စေခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့်သော်လည်းကောင်း၊ ခုခံချေပရေးပြင်ဆင်ခြင်းအတွက် လုံလောက်သည့် အခွင့်အလမ်းကိုမရရှိခဲ့ဆိုသော အကြောင်းပြချက်ဖြင့်သော်လည်းကောင်း စစ်ဆေးခြင်းကို ရွှေ့ဆိုင်းရန် လျှောက်ထားလိုသလားဟု ရဲတရားရုံးက တရားခံအား မေးမြန်းရမည်။ ထို့ပြင် တရားခံ၏အဖြေကိုလည်း ရေးမှတ်ရမည်၊

(ခ) ထိုလျှောက်ထားချက်ကို တရားခံတင်သွင်းလျှင် ထိုလျှောက်ထားချက်ကို ထောက်ခံရန် ရည်ရွယ်လျက် တရားခံပေးလိုသော ထွက်ဆိုချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်သေခံချက်တစ်ခုခုကိုဖြစ်စေ၊ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိ၏ ထွက်ဆိုချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ထိုထွက်ဆိုချက်ကို ဖြေကြားရန် ရည်ရွယ်သည့် သက်သေခံချက်တစ်ခုခုကိုဖြစ်စေ ရဲတရားရုံးက ကြားနာရမည်။ ထို့ပြင် ကျင့်ထုံးနှင့်စပ်ဆိုင်သည့် နည်းဥပဒေများအနက် နည်းဥပဒေတစ်ခုခုကို လိုက်နာဆောင်ရွက်ခြင်း မပြုခြင်းကြောင့် တရားခံအား အကျိုးယုတ်စေခဲ့သည်ဟု သို့မဟုတ် ခုခံချေပရေး ပြင်ဆင်ခြင်းအတွက် လုံလောက်သည့် အခွင့်အရေးကို တရားခံမရရှိခဲ့ဟု ရဲတရားရုံးက ထင်မြင်ယူဆလျှင် ရဲတရားရုံးသည် အခြေအနေအရ သင့်လျော်သည်ဟု ယူဆသည့်အတိုင်း စစ်ဆေးခြင်းကို ရွှေ့ဆိုင်းပေးနိုင်သည်၊

(ဂ) တရားလိုဘက်မှ အမှုလိုက်အရာရှိသည် ပဏာမလျှောက်ထားချက်ကို တင်သွင်းလိုလျှင် တင်သွင်းနိုင်၍ ရဲတရားရုံးက တင်သွင်းခိုင်းလျှင် ပဏာမလျှောက်ထားချက်ကို တင်သွင်းရမည်။ ထိုပဏာမလျှောက်ထားချက်တွင် တရားခံအား စွဲဆိုသည့်စွဲချက်၏ လိုရင်းအချက်နှင့် ထိုစွဲချက်ကို ထောက်

ခံရန် ရည်ရွယ်လျက် တရားလိုဘက် အမှုလိုက်အရာရှိက တင်ပြရန်ရည်စူးထားသော သက်သေခံချက်၏ အခြေအနေ အပြင် ယေဘုယျ အကျိုးသက်ရောက်မှုကိုသာဖော်ပြပြီး မလိုအပ်သော မည်သည့်အသေးစိတ်အကြောင်းအရာကိုမျှ မထည့်သွင်းဘဲ တရားလိုဘက် အမှုလိုက်အရာရှိက ဖော်ပြရမည်၊

(ဃ) ထို့နောက် တရားလိုဘက်အတွက် သက်သေခံချက်ကို ရေးယူရမည်။ ထိုသက်သေအား တရားခံကဖြစ်စေ၊ တရားခံဘက် အရာရှိကဖြစ်စေ ပြန်လှန်စစ်မေးရန် ခွင့်ပြုရမည်။ တရားလိုဘက် သက်သေခံချက်များကို ရေးသား မှတ်တမ်းတင်ထားပြီး သက်သေအား ဖတ်ပြရမည်။ လိုအပ်လျှင် မှားယွင်းချက်ရှိလျှင် မှန်ကန်အောင်ပြင်ရမည်၊

(င) အမှု၏အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ တရားလိုဘက် အမှုလိုက်အရာရှိက တရားလိုဘက်အတွက် သက်သေခံရန် လိုလျှင် ပဏာမလျှောက်ထားချက်ရှိပါက ထိုပဏာမ လျှောက်ထားချက် တင်သွင်းပြီးနောက် သက်သေခံရမည်။ ထိုသို့ သက်သေခံသောအခါ တရားလိုဘက် အမှုလိုက်အရာရှိသည် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုပြီးနောက် မိမိ၏သက်သေခံချက်ကို အသေးစိတ်ထွက်ဆိုရမည်၊

(စ) တရားလိုဘက် အမှုလိုက်အရာရှိအား တရားခံကဖြစ်စေ၊ တရားခံ၏ကိုယ်စားဖြစ်စေ ပြန်လှန်စစ်မေးနိုင်သည်။ ထို့နောက် ထပ်မံစစ်ဆေးရာတွင် သက်သေတစ်ဦးက ထွက်ဆိုရမည်ဖြစ်သော ထွက်ဆိုချက်မျိုးကို တရားလိုဘက် အမှုလိုက်အရာရှိက ထွက်ဆိုနိုင်သည်။

၄၁။ (က) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ ရောက်သောအခါ တရားခံသည် စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသည့် စွဲချက်များနှင့်ဖြစ်စေ စပ်လျဉ်း၍ တရားလိုဘက်အတွ

တင်ပြသော သက်သေခံချက်တွင် မိမိအပေါ် အမှုထင်ရှား လောက်အောင် အခြေအမြစ်ရှိကြောင်း မပေါ်လွင်သော ကြောင့် မိမိအား ခုခံချေပစေခြင်း မပြုထိုက်ပါဆိုသည့် ထုချေချက်ကို တင်သွင်းနိုင်သည်၊

(ခ) အဆိုပါထုချေချက်မျိုးကို စွဲချက်လွှာတစ်ခုတည်းတွင် ပါရှိသော စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသော စွဲချက်များနှင့်ဖြစ်စေ စပ်လျဉ်း၍ တင်သွင်းနိုင်သည်၊

(ဂ) ရုံတရားရုံးသည် ထိုထုချေချက်ကို လျှို့ဝှက်တရားခွင်တွင် စဉ်းစားရမည့်ပြင် ထိုထုချေချက်မှာ လုံလောက်စွာ အကိုးအကားပြထားသည့် ထုချေချက်ဖြစ်သည်ဟု ကျေနပ်လျှင် ထိုထုချေချက်နှင့်စပ်ဆိုင်သော စွဲချက်တစ်ခုခုနှင့်ဖြစ်စေ၊ တစ်ခုထက်ပိုသော စွဲချက်များနှင့်ဖြစ်စေ စပ်လျဉ်း၍ "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ရမည်။

၄၂။ (က) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ ရုံတရားရုံးသည် -

(၁) တရားခံကအလိုရှိလျှင် ကျမ်းသစ္စာပြု၍ သက်သေအဖြစ် သက်သေခံချက်ပေးနိုင်ကြောင်း သို့မဟုတ် ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်နိုင်ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ သက်သေခံချက်ပေးရန် သို့မဟုတ် ထွက်ဆိုချက်ပြုလုပ်ရန် တာဝန်ဟူ၍ ၄င်း၌မရှိကြောင်း၊

(၂) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးလျှင် ၄င်းသည် တရားလိုဘက် အမှုလိုက်အရာရှိ၏ ပြန်လှန်စစ်မေးခြင်းခံရမည့်ပြင် ရုံတရားရုံး၏ မေးမြန်းခြင်းကိုလည်း ခံရမည်ဖြစ်ကြောင်း သို့သော်လည်း ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက်တစ်

ရပ်ကိုပြုလုပ်လျှင် ၎င်းအား မည်သူကမျှ မမေး မြန်းနိုင်ကြောင်း၊

(၃) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေး သည်ဖြစ်စေ၊ ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက် တစ်ရပ်ကို ပြုလုပ်သည်ဖြစ်စေ၊ သက်သေခံချက် မပေးဘဲ သို့မဟုတ် ထွက်ဆိုချက်တစ်ရပ်ကိုမပြု လုပ်ဘဲ နေသည်ဖြစ်စေ အမှု၏အကြောင်းခြင်းရာ နှင့်သော်လည်းကောင်း၊ ၎င်း၏အကျင့်စာရိတ္တနှင့် သော်လည်းကောင်း စပ်လျဉ်း၍ ၎င်းသက်သေများ ကို ခေါ်နိုင်ကြောင်း တရားခံအား ရှင်းလင်းပြော ပြရမည်၊

(ခ) ရဲတရားရုံးသည် နည်းဥပဒေခွဲ (က) အတိုင်း လိုက်နာပြီး သောအခါ တရားခံအား ကျမ်းသစ္စာပြု၍ သက်သေခံချက် ပေးရန် ရည်ရွယ်သလော သို့မဟုတ် ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်ရန် ရည်ရွယ်သလော သို့မ ဟုတ် ၎င်းဘက်အတွက် သက်သေတစ်ဦးဦးကိုခေါ်ရန် ရည်ရွယ်သလောဟု မေးမြန်းရမည့်ပြင် သက်သေခေါ်လို သည်ဟု ဖြေကြားပါက ထိုသက်သေမှာ အမှုအကြောင်းခြင်း ရာနှင့်စပ်လျဉ်းသည့် သက်သေလော သို့မဟုတ် အကျင့်စာ ရိတ္တနှင့်သာ စပ်လျဉ်းသည့်သက်သေလောဟုလည်း မေးမြန်းရမည်၊

(ဂ) တရားခံသည် မိမိမှတစ်ပါး အမှုအကြောင်းခြင်းရာနှင့်စပ် လျဉ်းသည့် အခြားသက်သေတစ်ဦးဦးကို ခေါ်ရန်ရည်ရွယ် လျက် မိမိဘက်အတွက် သက်သေခံချက်ကို မပေးမီ မိမိ ဘက်အမှုကို အကျဉ်းချုပ်ဖော်ပြလျက် ပဏာမလျှောက်ထား ချက်တစ်ရပ်ကို ပြုလုပ်နိုင်သည်။

၄၇။ (က) နည်းဥပဒေ ၄၂ အတိုင်း လိုက်နာပြီးသောအခါ တရားခံသည် ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးနိုင်သည် သို့မဟုတ် ကျမ်းသစ္စာမပြုဘဲ ထွက်ဆိုချက်တစ်ရပ်ကို ပြုလုပ်နိုင်သည်။ ထို့နောက် တရားခံဘက် သက်သေများရှိလျှင် ထိုသက်သေများကိုခေါ်၍ ၎င်းတို့က သက်သေခံချက်များကို ပေးကြရမည်၊

(ခ) တရားခံဘက် သက်သေများက သက်သေခံချက်ပေးပြီးသောအခါ ရဲတရားရုံးသည် တရားမျှတမှု ရရှိစေရန်လိုအပ်သည်ဟု ထင်မြင်လျှင် တရားခံဘက်သက်သေခံချက်ကို ချေပရန်သက်သေများကို ခေါ်နိုင်သည်၊

(ဂ) သက်သေခံချက်အားလုံး ပေးပြီးသောအခါ တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံသည် ရဲတရားရုံးအား နိဂုံးချုပ်လျှောက်ထားချက်ကို အသီးသီးပြုလုပ်နိုင်သည်၊

(ဃ) တရားခံက မိမိမှတစ်ပါး အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် အခြားသက်သေတစ်ဦးဦးကို မခေါ်လျှင် တရားခံ၌ တရားလိုဘက် အမှုလိုက်အရာရှိ၏ နိဂုံးချုပ်လျှောက်ထားချက်ပြီးဆုံးပြီးမှ မိမိ၏နိဂုံးချုပ်လျှောက်ထားချက်ကို ပြုလုပ်နိုင်ခွင့်ရှိရမည်။ တရားခံက မိမိမှတစ်ပါး အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ အခြားသက်သေတစ်ဦးဦးကိုခေါ်လျှင် တရားလိုဘက် အမှုလိုက်အရာရှိ၌ တရားခံ၏ နိဂုံးချုပ်လျှောက်ထားချက် ပြီးဆုံးပြီးမှ မိမိ၏နိဂုံးချုပ်လျှောက်ထားချက်ကို ပြုလုပ်နိုင်ခွင့်ရှိရမည်။

## ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်

၄၄။ (က) ရဲတရားရုံးသည် လျှို့ဝှက်တရားခွင်တွင် မိမိဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ရမည်၊

(ခ) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ရဲတရားရုံးအဖွဲ့ဝင်အသီးသီး၏

ထင်မြင်ယူဆချက်ကို စွဲချက်တစ်ခုစီအတွက် ခွဲခြားပြီး နှုတ်ဖြင့်ပြောပြရမည်။

၄၅။ (က) တရားခံအား စွဲချက်တင်၍ စစ်မေးသောစွဲချက်တိုင်းအတွက် ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ရမည်။ ထို့ပြင် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး "အပြစ်ရှိသည်" သို့မဟုတ် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်တစ်ခုတည်းကို ရေးသားချမှတ်ရမည်၊

(ခ) စွဲချက်တစ်ခုခုနှင့်စပ်လျဉ်း၍ စွဲဆိုထားသည့်ပြစ်မှုကိုသော်လည်းကောင်း၊ စွဲဆိုထားသည့်စွဲချက်အတိုင်း ဥပဒေအရတရားသဖြင့် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သောပြစ်မှုတစ်ခုခုကိုသော်လည်းကောင်း၊ တရားခံက ကျူးလွန်ကြောင်း သက်သေခံရှိသော အကြောင်းခြင်းရာများအရ မထင်ရှားဟု ရဲတရားရုံးက ထင်မြင်ယူဆသောအခါ အပြစ်မရှိဟု ဆုံးဖြတ်ချက်ရေးသားရမည်။ စွဲချက်လွှာတွင်ပါရှိသည့် စွဲချက်အားလုံးအရ အပြစ်မရှိကြောင်း ဆုံးဖြတ်ပါက စွဲချက်တိုင်းအတွက် အပြစ်မရှိဟု ရေးသားပြီး တရားသေလွှတ်ရမည်၊

(ဂ) စွဲချက်တစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံချက်အရ ထင်ရှားကြောင်း ရဲတရားရုံးက တွေ့ရှိရသော အကြောင်းခြင်းရာများသည် စွဲချက်ပါပြစ်မှုကျူးလွန်ပုံ ဖော်ပြချက်တွင် ရှုပ်စွဲထားသည့်အကြောင်းခြင်းရာများနှင့် အရေးပါအရာရောက်လောက်အောင် ကွဲပြားခြားနားစေကာမူ ယင်းသို့တွေ့ရှိရသောအကြောင်းခြင်းရာများသည် စွဲချက်တွင်ဖော်ပြထားသောပြစ်မှုကို တရားခံကျူးလွန်ကြောင်း ထင်ရှားစေသည့် လုံလောက်သောအကြောင်းခြင်းရာများဖြစ်သည့်ပြင် ထိုကွဲပြားခြားနားခြင်းသည်လည်း တရားခံအား မိမိ၏ခုခံချေပရေးတွင် အကျိုးယုတ်စေလောက်အောင် အရေးမပါ အရာမရောက်ဟု ရဲတရားရုံးက ထင်မြင်ယူဆသောအခါ ရဲတရား

ရုံးသည် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်ကို ရေးသားချမှတ်မည့်အစား အထူးဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်၊

(ဃ) ထိုအထူးဆုံးဖြတ်ချက်ဖြင့် ၎င်းတွင်သီးခြားဖော်ပြထားသည့် ခြွင်းချက်များ သို့မဟုတ် ပြောင်းလဲချက်များဆိုင်ရာ ရေးမှတ်ချက်များနှင့် မဆန့်ကျင်စေဘဲ စွဲချက်တစ်ခုအတွက် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သည်၊

(င) အခြားနည်းစွဲချက်များတင်ထား၍ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရလည်း ထိုစွဲချက်များအနက် စွဲချက်တစ်ခုခုတွင် ဖော်ပြထားသော ပြစ်မှုမမြောက်ဟု ရဲတရားရုံးက ထင်မြင်ယူဆသောအခါ ထိုစွဲချက်အတွက် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်တစ်ရပ်ကို ရဲတရားရုံးက ရေးသားချမှတ်ရမည်၊

(စ) စွဲချက်တစ်ခုတွင် အခြားနည်းစွဲချက်ပါရှိပါက အဓိကစွဲချက်အား ပြစ်မှုထင်ရှားစီရင်ခြင်းသည် အခြားနည်းစွဲချက်အတွက် အပြစ်ရှိသည်ဟု ဆိုရာရောက်စေကာမူ ထိုအခြားနည်းစွဲချက်အတွက် အပြစ်မရှိဟု ဆုံးဖြတ်ရမည်၊

(ဆ) တရားခံအား စွဲဆိုထားသော စွဲချက်အားလုံးအရ အပြစ်မရှိဟု ဆုံးဖြတ်ရပါက တရားခံအား တရားသေလွှတ်သည်ဟူသော စကားရပ်ကို ရေးသားပြီး တရားသေလွှတ်ရမည်။

၄၆။ (က) စွဲချက်တစ်ခုခုအတွက် ဆုံးဖြတ်ချက်သည် "အပြစ်ရှိသည်" ဟူသော ဆုံးဖြတ်ချက်ဖြစ်လျှင် ပြစ်ဒဏ်စီရင်ချက်ကို ဆုံးဖြတ်ရာ၌ ရဲတရားရုံးအတွက် လမ်းညွှန်သဖွယ်ဖြစ်စေရန်၊ ထိုပြစ်ဒဏ်စီရင်ချက်ကို စဉ်းစားရာ၌ အတည်ပြုအာဏာပိုင်အတွက် လမ်းညွှန်သဖွယ်ဖြစ်စေရန် ရဲတရားရုံးက ပြစ်ဒဏ်ချမှတ်ချက်ကို ဆင်ခြင်သုံးသပ်ခြင်းမပြုမီ ဖြစ်နိုင်သည့်အခါတိုင်း တရားခံ၏အကျင့်စာရိတ္တ၊ အသက်၊ ရဲမှု

ထမ်းသက်၊ အဆင့်တို့ပြင် အသိအမှတ်ပြုသည့် သူရသတ္တိရှိစွာ ဆောင်ရွက်မှုများ သို့မဟုတ် ထူးချွန်သောဆောင်ရွက်မှုတစ်ခုခု၊ ရဲတရားရုံးကဖြစ်စေ၊ ပြစ်မှုဆိုင်ရာတရားရုံးကဖြစ်စေ၊ ယခင်က တရားခံအား ပြစ်မှုထင်ရှား စီရင်ခြင်းများ၊ ဥပဒေပုဒ်မ ၂၈ အရ အာဏာသုံးစွဲသော အရာရှိတစ်ဦးက တရားခံအား ယခင်က ချမှတ်သည့်ပြစ်ဒဏ်များ၊ တရားခံဖမ်းဆီးခြင်းခံနေရသည့် အချိန်ကာလ သို့မဟုတ် ယခင်ပြစ်ဒဏ်ချမှတ်ချက်တစ်ခုခုအတွက် တရားခံအချုပ်နှင့်နေရသည့် အချိန်ကာလ၊ ထို့ပြင် တရားခံ၏လက်ရှိဖြစ်သော သို့မဟုတ် တရားခံက ရသင့်ရထိုက်သော ဆုတံဆိပ်တစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံချက်ကို ရေးမှတ်ယူရမည်၊

(ခ) သက်သေတစ်ဦးက အထက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ တရားခံနှင့်ပတ်သက်သည့် ရဲတပ်ဖွဲ့မှတ်တမ်းစာအုပ်များရှိ ရေးသွင်းချက်များ၏ အကျဉ်းချုပ်ပါရှိသည့် ထွက်ဆိုချက်တစ်ရပ်မှန်ကြောင်းနှင့် တရားခံသည် ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်တွင် ရည်ညွှန်းထားသူဖြစ်ကြောင်း သက်သေခံနိုင်သည်၊

(ဂ) တရားခံသည် ထိုသက်သေကို ပြန်လှန်စစ်မေးနိုင်သည့်ပြင် ထိုသက်သေခံချက် မဟုတ်မမှန်ကြောင်း ပြသရန် သက်သေများကိုခေါ်နိုင်သည်။ ထို့ပြင် ရဲတပ်ဖွဲ့မှတ်တမ်းစာအုပ်များကိုဖြစ်စေ၊ ထိုစာအုပ်များရှိ အရေးပါသောရေးသွင်းချက်များ၏ နည်းလမ်းတကျ တာဝန်ခံမိတ္တူတစ်စောင်ကိုဖြစ်စေ တင်ပြရန် တရားခံက တောင်းဆိုလျှင် ထိုရဲတပ်ဖွဲ့ မှတ်တမ်းစာအုပ်များကို သို့မဟုတ် ထိုစာအုပ်များရှိ အရေးပါသော ရေးသွင်းချက်များ၏ နည်းလမ်းတကျ တာဝန်ခံမိတ္တူတစ်စောင် တင်ပြရမည်။ ထို့ပြင် ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်သည် ရဲတပ်ဖွဲ့မှတ် တမ်း စာအုပ်များ သို့မဟုတ် တာဝန်ခံမိတ္တူနှင့် အချက်တစ်ခုခု တွင် မကိုက်ညီဟု တရား

ခံက ကိုးကားပြောဆိုလျှင် ရုံတရားရုံးသည် ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်ကို ထိုစာအုပ်များနှင့်ဖြစ်စေ၊ ထိုတာဝန်ခံမိတ္တူနှင့်ဖြစ်စေ နှိုင်းယှဉ်ကြည့်ရမည့်ပြင် မကိုက်ညီကြောင်းတွေ့ရှိလျှင် ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်ကို ကိုက်ညီအောင် ပြင် စေရမည်၊

(ဃ) အထက်ပါအကြောင်းအရာများနှင့် စပ်လျဉ်းသည့် သက်သေခံချက်အားလုံးကို တင်ပြပြီးသောအခါ တရားခံသည် ရုံတရားရုံးအား ထိုသက်သေခံချက်အားလုံးနှင့် စပ်လျဉ်း၍ လျှောက်ထားနိုင်သည့်ပြင် ပြစ်ဒဏ်လျော့ပေါ့ရန်လည်း လျှောက်ထားနိုင်သည်၊

၄၇။ (က) ရုံတရားရုံးသည် တရားခံအား အပြစ်ရှိသည်ဟုဆုံးဖြတ်သော ပြစ်မှုအားလုံးနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ချက်တစ်ခုတည်းကိုသာ ချမှတ်ရမည်။ ထို့ပြင် ပြစ်ဒဏ်ချမှတ်ချက်သည် တရားဥပဒေနှင့်အညီ ပြစ်ဒဏ်မချမှတ်နိုင်သော စွဲချက်တစ်ခုခုတွင် ပါရှိသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ချမှတ်ခြင်း မဟုတ်ဟုမှတ်ယူပြီး တရားဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်နိုင်သော စွဲချက်တစ်ခုစီတွင်ပါရှိသည့် ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ချမှတ်ခြင်းဟု မှတ်ယူရမည်၊

(ခ) ဥက္ကဋ္ဌက ပြစ်ဒဏ်ချမှတ်ရေးသားရာတွင် ချုပ်ရက်အပါအဝင်ဟူသော စကားရပ်ကို ရေးသားပါက ပြစ်ဒဏ်တွင် ချုပ်ရက်ကို ထည့်သွင်းရေတွက်ရမည်။ ထိုစကားရပ် ရေးသားချမှတ်ခြင်းမပြုပါက ချမှတ်သည့်ပြစ်ဒဏ်တွင် ချုပ်ရက်ကို ထည့်သွင်းရေတွက်ခြင်း မပြုရ၊

(ဂ) ရုံတရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့အား ထုတ်ပြန်ကြေညာခြင်း မပြုမချင်း ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၄၈။ (က) ရဲတရားရုံးက ပြစ်ဒဏ်ချမှတ်ရာတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အရာရှိသည် ထိုပြစ်ဒဏ်ချမှတ်ချက်ကို ရက်စွဲတပ်ပြီးနောက် လက်မှတ်ရေးထိုးရမည်။ ထိုလက်မှတ်သည် အမှုတွဲတစ်ခုလုံး မှန်ကန်ကြောင်း ထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။ ထို့ပြင် အတည်ပြုရေးအတွက် အမှုတွဲကို ချက်ချင်းပို့ရမည်၊

(ခ) ရဲတရားရုံးသည် ဥပဒေပုဒ်မ ၄၈ အရလည်းကောင်း၊ ရဲချုပ်သည် ဥပဒေပုဒ်မ ၄၉ အရလည်းကောင်း အမှုနှင့်စပ်လျဉ်းသည့် ပစ္စည်းများကို စီမံခန့်ခွဲမိန့် ထုတ်ပြန်ရာတွင် ပုံစံ (၁၂) အတိုင်း ဆောင်ရွက်နိုင်သည်။

## ပြန်လည်ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း

၄၉။ (က) ဆုံးဖြတ်ချက်ကို ဥပဒေပုဒ်မ ၅၄ အရ ပြန်လည်ပြင်ဆင်ရန်အတွက် ပြန်ပို့လိုက်သောအခါ ရဲတရားရုံးသည် လူသိရှင်ကြား တရားခွင်တွင် ပြန်လည်ရုံးထိုင်ရမည့်ပြင် ပြန်လည်ပြင်ဆင်ရန် အမိန့်ကိုလည်း ဖတ်ကြားရမည်။ ထို့ပြင် နောက်ထပ်သက်သေခံချက်ရယူရန် ရဲတရားရုံးအား ညွှန်ကြားလျှင် ထိုသက်သေခံချက်ကို လူသိရှင်ကြား တရားခွင်တွင် ယူရမည်။ ထို့နောက် ရဲတရားရုံးသည် လျှို့ဝှက်တရားခွင်တွင် မိမိ၏ဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ရမည်၊

(ခ) ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ရန်အတွက် ပြန်ပို့ရာတွင် ရဲတရားရုံးက မိမိ၏ယခင်ဆုံးဖြတ်ချက်ကို ပြောင်းလဲလိုသည့်အခါ ရဲတရားရုံးသည် ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်တို့ကို ပြန်လည်ရုပ်သိမ်းရမည့်ပြင် ဆုံးဖြတ်ချက်အသစ်ကို ရေးသားချမှတ်၍ ထိုဆုံးဖြတ်ချက်အသစ်အတွက် ပြစ်ဒဏ်ချမှတ်ချက်တစ်ရပ် ချမှတ်ရန်လိုလျှင် ပြစ်ဒဏ်ချမှတ်ချက်ကို အသစ်တစ်ဖန်ချမှတ်ရမည်၊

(ဂ) ပြစ်ဒဏ်ချမှတ်ချက်ကိုသာလျှင်, ပြန်လည်ပြင်ဆင်ရန် အတွက် ပြန်ပို့သောအခါ ရဲတရားရုံးသည် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ခြင်း မပြုရ၊

(ဃ) ပြန်လည်ပြင်ဆင်ပြီးသည့်နောက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သောအရာရှိက ရဲတရားရုံး၏ ဆုံးဖြတ်ချက်ကို ရက်စွဲတပ် ၍ လက်မှတ်ထိုးရမည်။ အတည်ပြုရန်အတွက် အမှုတွဲကို ချက်ချင်းပို့ရမည်။

၅၀။ ရဲတရားရုံး၏အမှုတွဲကို လက်ခံရရှိသောအခါ အတည်ပြုအာဏာပိုင် က အတည်ပြုနိုင်သည်။ သို့မဟုတ် အတည်ပြုခြင်းကို ငြင်းပယ်နိုင်သည်။ အတည်ပြုခြင်းကို အမှုတွဲတွင် ရေးသွင်းရမည့်ပြင် အတည်ပြုခြင်း၊ အတည်မပြု ခြင်းသည် အမှုတွဲ၏ အစိတ်အပိုင်း ဖြစ်စေရမည်။

၅၁။ စွဲချက်၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တစ်ခုခုကို မှုခင်းကိစ္စ အတည်ပြုခြင်းနှင့်အတူတကွသော်လည်းကောင်း၊ မှုခင်းကိစ္စ အတည်မပြုခြင်း နှင့်အတူတကွသော်လည်းကောင်း အတည်ပြုအာဏာပိုင်က ညွှန်ကြားသည့် နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည်။ ညွှန်ကြားချက်မပေးလျှင် ရဲတပ်ဖွဲ့ ထုံးတမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်ကြေညာခြင်းကို မပြု မချင်း အတည်ပြုခြင်းသည် မပြည့်စုံသည့်ပြင် ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ် ချက်တို့ကို ထုတ်ပြန် ကြေညာခြင်း မပြုမချင်း အတည်ပြုပြီးဟု မမှတ်ယူရ။

၅၂။ (က) ရဲတရားရုံးတစ်ရုံးက စွဲချက်အများအပြားပါ ပြစ်မှုများနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ချက်တစ်ခုကို ချမှတ်ပြီးနောက် အတည်ပြုအာဏာပိုင်ကလည်း ထိုစွဲချက်အားလုံးအတွက် ဆုံးဖြတ်ချက်တို့ကို အတည်မပြုဘဲ စွဲချက်အချို့အတွက် ဆုံးဖြတ်ချက်ကိုသာ အတည်ပြုသောအခါ ထိုအတည်ပြု အာဏာပိုင်သည် ထိုသို့အတည်မပြုခြင်းကို ထည့်သွင်းစဉ်း စားလျက် တရားမျှတသည်ဟု မိမိယူဆပါက အတည်ပြု

သော ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ စွဲချက်များပါ ပြစ်မှုများကို ထောက်ရှုလျက် တရားမျှတသည်ဟု မိမိထင်မြင်သည့်အတိုင်း ချမှတ်သည့်ပြစ်ဒဏ်ကို လျော့ပေါ့ရမည်။ လွတ်ငြိမ်းသက်သာခွင့်ပြုရမည်။ သို့မဟုတ် လျော့ပေါ့ပြောင်းလဲရမည်၊

(ခ) စွဲချက်အများအပြားပါ ပြစ်မှုများနှင့် စပ်လျဉ်း၍ ရဲတရားရုံးက ပြစ်ဒဏ်ချမှတ်ချက်တစ်ရပ်ကို ချမှတ်ပြီးနောက် ထိုပြစ်ဒဏ်ချမှတ်ချက်ကိုလည်း အတည်ပြုပြီးသည့်ပြင် အဆိုပါစွဲချက်များအနက် စွဲချက်တစ်ခုခုသည် သို့မဟုတ် စွဲချက်အတွက် ဆုံးဖြတ်ချက်သည် မခိုင်လုံဟု တွေ့ရှိရသောအခါ စီရင်ချက်အရ ချမှတ်သည့်ပြစ်ဒဏ်ကို ပေါ့လျော့ရန် လွတ်ငြိမ်းသက်သာခွင့်ပြုရန် သို့မဟုတ် လျော့ပေါ့ပြောင်းလဲရန် အာဏာရရှိသော အာဏာပိုင်သည် ထိုသို့မခိုင်လုံမှုကို ထည့်သွင်းစဉ်းစားလျက် တရားမျှတသည်ဟု မိမိယူဆလျှင် ခိုင်လုံသည့်ဆုံးဖြတ်ချက် ချမှတ်ထားသည်လည်းဖြစ်၍ ခိုင်လုံသည့်စွဲချက်များတွင် ပါရှိသည်လည်းဖြစ်သော ပြစ်မှုများကိုထောက်ရှုလျက် တရားမျှတသည်ဟု မိမိထင်မြင်သည့်အတိုင်း ချမှတ်သည့်ပြစ်ဒဏ်ကို ပေါ့လျော့ရမည်။ လွတ်ငြိမ်းသက်သာခွင့်ပြုရမည်။ သို့မဟုတ် ပေါ့လျော့ပြောင်းလဲရမည်။ ထို့ပြင် ထိုသို့ပြောင်းလဲပြင်ဆင်လိုက်သည့် ပြစ်ဒဏ်သည် ထိုပြစ်မှုများအတွက်သာ မူလက ချမှတ်သကဲ့သို့ ခိုင်လုံရမည်။

၅၃။ ရဲတရားရုံးတစ်ရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို နည်းလမ်းတကျ ရေးသားဖော်ပြခြင်းမပြုလျှင် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုသောအခါ ထိုပြစ်ဒဏ်ချမှတ်ချက်ကို နည်းလမ်းတကျ ရေးသားဖော်ပြရာရောက်စေခြင်းအလို့ငှာ အတည်ပြုအာဏာပိုင်သည် ရေးသားပုံကို ပြောင်းလဲနိုင်သည်။ ပြစ်ဒဏ်ချမှတ်ချက်အရ ချမှတ်သည့်ပြစ်ဒဏ်သည် တရားဥပဒေက ခွင့်ပြုသ

ဖြစ်ဒဏ်ထက်ပိုလျှင် တရားဥပဒေက ခွင့်ပြုသည့်ဖြစ်ဒဏ်ထက် ချမှတ်သည့် ဖြစ်ဒဏ်က မပိုစေခြင်းအလို့ငှာ အတည်ပြုအာဏာပိုင်သည် ဖြစ်ဒဏ်ချမှတ်ချက်ကို ပြောင်းလဲနိုင်သည်။ ထို့ပြင် အတည်ပြုအာဏာပိုင်သည် ရဲတရားရုံး၏ ဆုံးဖြတ်ချက်နှင့် ထိုသို့ပြောင်းလဲလိုက်သည့် ဖြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုနိုင်သည်။

## ရဲတရားရုံးလိုက်နာရမည့် ကျင့်ထုံး

၅၄။ ရဲတရားရုံးအဖွဲ့ဝင်များသည် မိမိတို့၏ အဆင့်အလိုက် ရုံးတွင်နေရာယူကြရမည်။ အဖွဲ့ဝင် (၁) သည် ဥက္ကဋ္ဌ၏လက်ယာဘက်တွင်လည်းကောင်း၊ အဖွဲ့ဝင် (၂) သည် ဥက္ကဋ္ဌ၏ လက်ဝဲဘက်တွင်လည်းကောင်း နေရာယူရမည်။ တရားလိုဘက် အမှုလိုက်အရာရှိသည် ရဲတရားရုံးရှေ့ လက်ယာဘက်တွင်လည်းကောင်း၊ တရားခံဘက် အရာရှိသည် ရဲတရားရုံးရှေ့ လက်ဝဲဘက်တွင်လည်းကောင်း၊ တရားခံသည် တရားခံဘက်အရာရှိ၏ ဝဲဘက်တွင်လည်းကောင်း၊ သက်သေကိုခေါ်ယူစစ်ဆေးသည့်အခါ သက်သေသည် တရားရုံး၏ ရှေ့တည့်တည့်တွင်လည်းကောင်း အသီးသီးနေရာယူကြရမည်။

၅၅။ တရားခံနှစ်ဦးကို သို့မဟုတ် နှစ်ဦးထက်ပိုသော တရားခံများကို အတူတကွစစ်ဆေးစီရင်၍ အမှု၏အကြောင်းခြင်းရာများနှင့် စပ်လျဉ်းသည့် သက်သေခံချက်တစ်ခုခုကို တရားခံများအနက် တရားခံတစ်ဦးက သို့မဟုတ် တစ်ဦးထက်ပိုသော တရားခံများက တင်ပြသောအခါ တရားခံအားလုံးကသော်လည်းကောင်း၊ တရားခံအားလုံးကိုယ်စားသော်လည်းကောင်း တင်ပြသည့် သက်သေခံချက်နှင့် လျှောက်ထားချက်များကို တရားလိုဘက် အမှုလိုက်အရာရှိက ပြန်လှန်မချေပမီ ရေးမှတ်ယူရမည်။ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိသည် တရားခံအားလုံးနှင့်စပ်လျဉ်း၍ ပြန်လှန်ချေပ လျှောက်ထားချက်ကို တစ်ခါသာပေးရမည်။

၅၆။ (က) ရဲတရားရုံးဖွဲ့စည်းသည့် အာဏာပိုင်က ရဲတရားရုံးတစ်ရုံးအား လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ရန်ညွှန်ကြားသောအခါ ရဲတရားရုံးသည် လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ရမည်။ ထို့ပြင် အဖွဲ့ဝင်များအချင်းချင်း ဆင်ခြင်သုံးသပ်မှုတစ်ခုခုကို ပြုကြသည့် အခြားမည်သည့်ကိစ္စမျိုးတွင်မဆို ရဲတရားရုံးသည် လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်နိုင်သည်၊

(ခ) လျှို့ဝှက်တရားခွင်တွင် ရဲတရားရုံး၏အဖွဲ့ဝင်များမှအပ မည်သူမျှမရှိစေရ၊

(ဂ) ဤနည်းဥပဒေပါ အထက်ပြဋ္ဌာန်းချက်များ အထမြောက် အောင်ဆောင်ရွက်ရန် အလို့ငှာ ရဲတရားရုံးသည် စဉ်းစားခန်းဝင်နိုင်သည် သို့မဟုတ် ရဲတရားရုံးအတွင်းရှိ နေပိုင်ခွင့်မရှိသည့် အခြားသူအားလုံးကို မိမိတို့ရုံးအတွင်းမှ ဖယ်ရှားစေနိုင်သည်၊

(ဃ) အထက်ဖော်ပြထားသည့်အတိုင်းမှတစ်ပါး နေရာတစ်ခုခုကို ကြည့်ရှုခြင်းအပါအဝင် အခြားမှုခင်းကိစ္စဆောင်ရွက်ခြင်းအားလုံးကို နည်းဥပဒေခွဲ (င) နှင့် မဆန့်ကျင်စေဘဲ လူသိရှင်ကြားတရားခွင်တွင် တရားခံ၏ရှေ့မှောက်၌ ပြုလုပ်ရမည်၊

(င) တရားခံမှတစ်ပါး သက်သေခံရဦးမည်ဖြစ်သော သက်သေကတစ်ဦးဦးကိုဖြစ်စေ၊ ရဲတရားရုံး၏ မှုခင်းကိစ္စဆောင်ရွက်ခြင်းများကို နှောင့်ယှက်သည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ ရဲတရားရုံးအတွင်းမှ ထုတ်ပစ်နိုင်သည့် အာဏာသည် ရဲတရားရုံး၌ရှိရမည်။

၅၇။ (က) ရဲတရားရုံးသည် နံနက်ခြောက်နာရီနှင့် ညနေခြောက်နာရီ အကြားတွင် သက်ဆိုင်ရာအထက်အာဏာပိုင်က ညွှန်ကြားသည့် အချိန်နာရီနှင့် ကာလအပိုင်းအခြားအတွက် ရုံးထိုင်နိုင်သည်။ ထိုသို့သော ညွှန်ကြားချက်မရှိသမျှကို အချိန်နာ

များအတွင်း ရဲတရားရုံးက အခါအားလျော်စွာ သတ်မှတ်သည့်အချိန်နာရီနှင့် ကာလအပိုင်းအခြားအတွက် ရုံးထိုင်နိုင်သည်။ သို့သော်လည်း မည်သည့်နေ့တစ်နေ့တွင်မဆို ခြောက်နာရီထက်ပို၍ မည်သည့်ရဲတရားရုံးမျှ ရုံးမထိုင်ရ၊

(ခ) ညနေခြောက်နာရီနောက် စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် သို့မဟုတ် မည်သည့်နေ့တွင်မဆို ခြောက်နာရီထက်ပို၍ ရုံးထိုင်ရန်လိုအပ်သည်ဟု ရဲတရားရုံးက ယူဆလျှင် ရဲတရားရုံးသည် လိုအပ်သည့်အတိုင်း ရုံးထိုင်နိုင်သည်။ သို့သော်လည်း ရဲတရားရုံးက ထိုသို့ရုံးထိုင်လျှင် ထိုသို့ရုံးထိုင်ခြင်းအတွက် အကြောင်းပြချက်ကို အမှုတွဲတွင် ရေးမှတ်ရမည်၊

(ဂ) လတ်တလော စံနမူနာပြရန်လိုသည့်အမှုမျိုးတွင် သို့မဟုတ် ရဲတရားရုံးဖွဲ့စည်းသည့်အရာရှိက ပြည်သူ့အကျိုးအတွက် လိုအပ်သည်ဟု တာဝန်ခံလက်မှတ်ရေးထိုးသည့် အမှုမျိုးတွင် စစ်ဆေးစီရင်ခြင်းကို မည်သည့်အချိန်နာရီတွင်မဆို ပြုလုပ်နိုင်သည်၊

(ဃ) စနေ၊ တနင်္ဂနွေနေ့တွင်သော်လည်းကောင်း၊ တရားဝင်ရုံးပိတ်ရက်များတွင်သော်လည်းကောင်း ရဲစည်းကမ်း၏ အကျိုးအတွက် ရုံးထိုင်ရန်လိုအပ်သည်ဟု ရဲတရားရုံး သို့မဟုတ် ရဲချုပ်က ထင်မြင်ယူဆလျှင် ထိုသို့ထင်မြင်ယူဆသည့်အတိုင်း ရဲတရားရုံးသည် ရုံးထိုင်နိုင်သည်။ သို့သော်လည်း အခြားအကြောင်းကြောင့် ရဲတရားရုံးသည် ထိုရုံးပိတ်ရက်များအနက် မည်သည့်ရက်တွင်မျှ ရုံးမထိုင်ရ။

၅၈။ (က) တရားဖြောင့်မှန်ရေးအတွက် ရုံးရွှေ့ဆိုင်းရန် လိုအပ်သည်ဟုဖြစ်စေ၊ စစ်ဆေးစီရင်ခြင်းကို အဆက်မပြတ်ဆောင်ရွက်ရန် မဖြစ်နိုင်ဟုဖြစ်စေ မယူဆလျှင် ရဲတရားရုံးသည် ရုံးထိုင်ပြီး တရားခံအား စွဲချက်တင်၍ စစ်မေးသည်နှင့်တစ်ပြိုင်နက်

နည်းဥပဒေ ၅၇ နှင့်အညီ စစ်ဆေးစီရင်ခြင်းကို တစ်နေ့ပြီး တစ်နေ့ ဆက်လက်ဆောင်ရွက်ရမည်၊

(ခ) ရဲတရားရုံးသည် အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်း၍လည်း ရုံးထိုင်နိုင်သည်။ ထို့ပြင်ရဲတရားရုံးသည် လိုအပ်သည့်အခါ မည်သည့်နေရာကိုမဆို ကြည့်ရှုနိုင်သည်။

၅၉။ ရဲတရားရုံးသည် ဆုံးဖြတ်ချက်မချမှတ်မီ သို့မဟုတ် အပြစ်ရှိသည်ဟူသောဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စမျိုးတွင် ပြစ်ဒဏ်မချမှတ်မီ ရဲတရားရုံးကို ဖျက်သိမ်းသောအခါ ထိုရဲတရားရုံးရှေ့တွင် ဆောင်ရွက်သော မှုခင်းကိစ္စတစ်ခုလုံးသည် ပျက်ပြယ်ရမည့်အပြင် တရားခံကိုလည်း အခြား ရဲတရားရုံးရှေ့တွင် စစ်ဆေးစီရင်နိုင်သည်။

၆၀။ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်စေသည့် တရားခံသေဆုံးခြင်းကိစ္စမျိုးတွင်သော်လည်းကောင်း၊ တရားခံဖျားနာခြင်းကိစ္စမျိုးတွင်သော်လည်းကောင်း၊ ရဲတရားရုံးသည်သေဆုံးခြင်း၏အကြောင်းခြင်းရာကိုဖြစ်စေ၊ ဖျားနာခြင်း၏ အကြောင်းခြင်းရာကိုဖြစ်စေ သေချာစွာ သိရှိနိုင်အောင် သက်သေခံချက်ယူ၍ ထိုအကြောင်းခြင်းရာကို ရေးမှတ်ပြီး ရဲတရားရုံးကို ရွှေ့ဆိုင်းရမည်။ ထို့ပြင် အမှုတွဲကို ရဲတရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ ပို့ရမည်။

၆၁။ (က) ရဲတရားရုံးက ဆုံးဖြတ်ရသည့် ပြဿနာတိုင်းအတွက် ရဲတရားရုံး၏ အဖွဲ့ဝင်တိုင်းသည် မိမိ၏ထင်မြင်ယူဆချက်ကို နှုတ်ဖြင့်ပေးရမည့်ပြင် တရားသေလွှတ်ရန် မိမိထင်မြင်ယူဆချက် ပေးပြီးစေကာမူ ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍လည်း မိမိထင်မြင်ယူဆချက်ကို ပေးရမည်၊

(ခ) ရဲတရားရုံးအဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကို အဆင့်အနိမ့်ဆုံးအဖွဲ့ဝင်မှအစပြု၍ အစဉ်လိုက်ရယူရမည်။

၆၂။ စစ်ဆေးစီရင်နေစဉ် တရားဥပဒေအကြောင်းကိစ္စ၊ သက်သေခံချက်ကိစ္စ သို့မဟုတ် လိုက်နာရမည့်ကျင့်ထုံးကိစ္စနှင့်စပ်လျဉ်း၍ တရားလိုဘက် အမှုလိုက်အရာရှိကသော်လည်းကောင်း၊ တရားခံကသော်လည်းကောင်း၊ တရားခံ၏ကိုယ်စားသော်လည်းကောင်း ကန့်ကွက်လျှင် တရားလိုဘက် အရာရှိ သို့မဟုတ် တရားခံ သို့မဟုတ် တရားခံဘက် အရာရှိဆိုင်သင့်ရာရာက ထိုကန့်ကွက်ချက်ကို ဖြေကြားရန် အခွင့်အရေးရရှိရမည့်ပြင် ကန့်ကွက်သူကလည်း ပြန်လည်ချေပရန် အခွင့်အရေးရှိရမည်။

၆၃။ (က) စုပေါင်း၍ စစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ သီးခြားစစ်ဆေးစီရင်ခြင်းကိုဖြစ်စေ ခံကြရမည့် ရဲတရားရုံးရှေ့ရှိ တရားခံဦးရေမည်၍ မည်မျှကိုမဆို စစ်ဆေးစီရင်ရန် ရဲတရားရုံးသည် တစ်ကြိမ်သာ ကျမ်းသစ္စာ၊ သို့မဟုတ် ကတိသစ္စာပြုစေနိုင်သည်။ တရားခံအသီးသီးမှာ ရဲတရားရုံး၏အဖွဲ့ဝင်များအား ကန့်ကွက်ပိုင်ခွင့်ကို ရရှိရမည့်ပြင် အဖွဲ့ဝင်တစ်ဦးဦးကို ကန့်ကွက်လို၊ မလို တရားခံအသီးသီးအား တစ်ဦးစီမေးမြန်းရမည်၊

(ခ) သီးခြားစစ်ဆေးစီရင်ခြင်းခံရမည့် တရားခံအများအပြားပါရှိသောအမှုတွင် တရားခံတစ်ဦးဦးက အဖွဲ့ဝင်တစ်ဦးအား ကန့်ကွက်သောအခါ ရဲတရားရုံးသည် မိမိသင့်တော်သည်ထင်သည့်အတိုင်း ထိုကန့်ကွက်ချက်ကို ဆုံးဖြတ်ရန် ဆက်လက်ဆောင်ရွက်နိုင်သည် သို့မဟုတ် ထိုကန့်ကွက်သောတရားခံ၏အမှုကို ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် အခြားတရားခံများကိုသာ စစ်ဆေးစီရင်ရန် ရဲတရားရုံး၏ အဖွဲ့ဝင်များအား ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုစေနိုင်သည်၊

(ဂ) သီးခြားစစ်ဆေးစီရင်ခြင်းခံရမည့် တရားခံအများအပြားပါရှိသော အမှုတွင် ရဲတရားရုံးသည် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုပြီးသောအခါ အခြားအမှုများကို ရွှေ့ဆိုင်း၍

အမှုတစ်ခုကိုသာ စစ်ဆေးရမည်။ ထို့နောက် အဆိုပါ အခြား အမှုများကို တစ်မှုပြီးတစ်မှု စစ်ဆေးရမည်၊

(ဃ) မှုခင်းကိစ္စတစ်ခုတည်းက ပေါ်ပေါက်သည့်စွဲချက်များ အတွက် ရဲတရားရုံးတစ်ရုံးတည်းက တရားခံအများအပြား အား သီးခြားစစ်ဆေးစီရင်သောအခါ တရားမျှတမှုအတွက် လိုအပ်သည်ဟု ရဲတရားရုံးက ထင်မြင်ယူဆလျှင် ရဲတရား ရုံးသည် အဆိုပါတရားခံများအနက် တရားခံတစ်ဦးကိုသော် လည်းကောင်း၊ ဘစ်ဦးထက်ပိုသော တရားခံများကိုသော် လည်းကောင်း ချမှတ်ရန်ဖြစ်သော ပြစ်ဒဏ်ချမှတ်ချက်တစ် ရပ်ရပ် စဉ်းစားခြင်းကို ထိုတရားခံအားလုံးနှင့် စပ်လျဉ်း သည့် စစ်ဆေးစီရင်ခြင်းပြီးပြတ်သည်အထိ ရွှေ့ဆိုင်းထား နိုင်သည်။

၆၄။ (က) တရားရုံးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိက ထိုရဲတရားရုံး၏ ဆောင်ရွက်မှုအားလုံးကို ရေးမှတ်ရမည့်ပြင် သို့မဟုတ် ရေးမှတ်စေရမည့်အပြင် ရဲတရားရုံးအမှုတွဲ၏ တိကျမှန်ကန်ခြင်းအတွက် တာဝန်ခံရမည်၊

(ခ) ထွက်ဆိုသည့် စကားလုံးများကို သုံးနိုင်သမျှသုံးလျက် အဖြစ်အပျက် ပြောပြပုံအတိုင်း သက်သေခံချက်ကို ရေးယူရ မည်။ သို့သော်လည်း တရားလိုဘက် အမှုလိုက်အရာရှိက ဖြစ်စေ၊ တရားခံကဖြစ်စေ၊ ရဲတရားရုံးကဖြစ်စေ အရေးပါ အရာရောက်သည်ဟု ယူဆသည့်အခါမျိုးတွင် မေးခွန်းနှင့် အဖြေကို လုံးစေ့ပတ်စေ့ ရေးယူရမည်၊

(ဂ) မေးခွန်းတစ်ခုခုနှင့်ဖြစ်စေ၊ သက်သေခံချက်တစ်ခုခုကို လက်ခံခြင်းနှင့်ဖြစ်စေ၊ ရဲတရားရုံးက လိုက်နာရမည့်ကျင့် ထုံးနှင့်ဖြစ်စေ ကန့်ကွက်ချက်တစ်ရပ်ကို ပြုလုပ်သည့်အခါ တရားလိုဘက်အမှုလိုက်အရာရှိကသော်လည်းကောင်း၊ တရားခံကသော်လည်းကောင်း တောင်းဆိုလျှင် သို့မဟု

ရဲတရားရုံးက သင့်တော်သည်ဟုယူဆလျှင် ထိုကန့်ကွက်ချက်ကို အကြောင်းပြချက်များနှင့်အတူတကွ ထိုကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ရဲတရားရုံးကချမှတ်သည့် ဆုံးဖြတ်ချက်ကိုပါ အမှုတွဲတွင် ရေးသွင်းရမည်၊

(ဃ) တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ တရားခံဘက် အရာရှိကဖြစ်စေ ပေးသောလျှောက်ထားချက်တစ်ခုခုသည် ရေးသားထားသည့် လျှောက်ထားချက်မဟုတ်သည့်အခါမျိုးတွင် ထိုလျှောက်ထားချက်ကို အမှုတွဲတွင် ရဲတရားရုံးက သင့်သည် ထင်မြင်သည်ထက်ပို၍ ရေးမှတ်ရန်မလို။ သို့ရာတွင် -

(၁) တရားခံအား စွဲဆိုထားသည့် စွဲချက်အသီးသီးနှင့်စပ်လျဉ်း၍ တရားခံကဖြစ်စေ၊ တရားခံဘက် အရာရှိကဖြစ်စေ ပြုလုပ်သည့် ချေပချက်ကို အတည်ပြုအာဏာပိုင်အား ချင့်ချိန်ဆုံးဖြတ်နိုင်စေရန် ခုခံချေပချက်ကို အမှုတိုင်းတွင် ရဲတရားရုံးက ရေးမှတ်ရမည်၊

(၂) တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားလိုဘက် အမှုလိုက်အရာရှိ ကိုယ်စားဖြစ်စေ၊ တရားခံကဖြစ်စေ၊ တရားခံဘက် အရာရှိကဖြစ်စေ ပေးသောလျှောက်ထားချက်ပါ သီးခြားဖြစ်သည့်အကြောင်းအရာများကိုလည်း တရားလိုဘက် အမှုလိုက်အရာရှိကသော်လည်းကောင်း တရားခံကသော်လည်းကောင်း ရေးမှတ်စေလိုလျှင် ရဲတရားရုံးက ရေးမှတ်ရမည်။

၆၅။ ရဲတရားရုံးဥက္ကဋ္ဌသည် အမှုတွဲကို ရဲချုပ် သို့မဟုတ် ရဲချုပ်က ညွှန်ကြားထားသူထံသို့ ပုံစံ (၁၃) ကို အသုံးပြု၍ ချက်ချင်းပေးပို့ရမည်။

၆၆။ (က) ရဲတရားရုံးတွင် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့် မရှိစေရ။ တရားခံရွေးချယ်သော ရဲအရာရှိတစ်ဦးက တရားခံ၏ကိုယ်စား လိုက်ပါဆောင်ရွက်ခွင့်ရှိသည်။ ထိုအရာရှိကို "တရားခံဘက်အရာရှိ" ဟု ခေါ်ရမည်။ တရားခံဘက်အရာရှိသည် ရှေ့နေရရှိသည့် အခွင့်အရေးများကိုရရှိ၍ ရှေ့နေဆောင်ရွက်ရသည့် အလုပ်ဝတ္တရားများကိုလည်း ဆောင်ရွက်ရမည့်ပြင် ရှေ့နေခံယူရသည့် တာဝန်များကိုလည်း ခံယူရမည်၊

(ခ) တရားလိုဘက်အပိုင်းကို ဆောင်ရွက်ရန်အတွက် တရားခံအပေါ် သက်သေခံအကျဉ်းချုပ်ရေးသားခဲ့သည့် အရာရှိကိုဖြစ်စေ၊ သက်ဆိုင်ရာ ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့မှူးက ရွေးချယ်တာဝန်ပေးသည့် အရာရှိကိုဖြစ်စေ တာဝန်ပေးအပ်ရမည်။ ၎င်းအရာရှိကို တရားလိုဘက် အမှုလိုက်အရာရှိဟု ခေါ်ဆိုရမည်။

၆၇။ ပြည်သူ့ရဲတပ်ဖွဲ့ အဆင့်ဆင့်ကဖြစ်စေ၊ ရဲတရားရုံးကဖြစ်စေ ဤဥပဒေနှင့် နည်းဥပဒေကိစ္စများအတွက် ဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲဥပဒေအရာရှိထံမှ အကြံပြုချက်များ ရယူနိုင်သည်။

၆၈။ ဥပဒေအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း ပြုစေရန် လိုအပ်ပါက အောက်ပါသစ္စာပြု ချက်ပုံစံတစ်ခုခုအရ သို့မဟုတ် ထိုသက်သေကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုသက်သေ၏စိတ်တွင် စွဲမြဲစေသည့် အခြားနည်းလမ်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်းသဘော သက်ရောက်စေသည်ဟု ရဲတရားရုံးက အမှန်စုံစမ်း တွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်းသစ္စာကိုသော်လည်းကောင်း၊ ကတိသစ္စာကိုသော်လည်းကောင်း ရဲတရား ရုံး၏ အဖွဲ့ဝင်တစ်ဦးက သို့မဟုတ် ရဲတရားရုံးက အာဏာအပ်နှင်းထားသူ တစ်ဦးဦးက သက်သေတိုင်းအား သက်သေမခံမီ ပြုစေရမည်။

## ကျမ်းသစ္စာပြုချက်ပုံစံ

"ကျွန်ုပ် ................ သည် အမှန်တကယ် အစစ်ခံပါမည်။ အလုံးစုံအမှန်အကန် အစစ်ခံပါမည်။ မမှန်မကန် မပါရှိပါဟု ကျမ်းသစ္စာပြုပါသည်"

## ကတိသစ္စာပြုချက်ပုံစံ

"ကျွန်ုပ် .......... သည် အမှန်အကန် အစစ်ခံပါမည်။ အလုံးစုံ အမှန်အကန်အစစ်ခံပါမည်။ မမှန်မကန် မပါရှိပါဟု လေးနက်တည်ကြည် မှန်ကန်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်"

**အမှုတွဲထိန်းသိမ်းခြင်း**

၆၉။ ရဲတရားရုံး၏ အမှုတွဲကို ထုတ်ပြန်ကြေညာပြီးနောက် ရဲချုပ်ရုံးသို့ ပို့ရမည်။ ထိုအမှုတွဲကို အနည်းဆုံးသုံးနှစ်ရဲချုပ်ရုံးတွင် ထိန်းသိမ်း ထားရမည်။

၇၀။ ရဲတရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းခံရသူတိုင်းမှာ အတည်ပြုပြီးနောက် အမှုတွဲကို မဖျက်ဆီးမီ အမှုတွဲကို ထိန်းသိမ်းသော အရာရှိထံမှ အမှုတွဲ၏ မိတ္တူ တစ်ခုကို တောင်းဆိုပါက ရထိုက်ခွင့်ရှိရမည်။

၇၁။ ဥပဒေပုဒ်မ ၃၆ ပါပြဋ္ဌာန်းချက်အရ ရဲတရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူတစ်ဦးအား ထောင်သို့ပို့ရန် ဝရမ်းသည် ပုံစံ (၁၄) ပါအတိုင်း ဖြစ်စေရမည်။ အကျဉ်းသား၏ ရဲတပ်ရင်းမှူး သို့မဟုတ် ရဲတပ်ဖွဲ့မှူးက ထိုဝရမ်းကို လက်မှတ်ထိုးပြီးနောက် သက်ဆိုင်ရာ ထောင်အာဏာပိုင်ထံသို့ ပေးပို့ရမည်။

၇၂။ ဥပဒေပုဒ်မ ၃၇ အရ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အခါ မဟုတ် စစ်ဆေးစီရင်ခြင်းကို ပယ်ဖျက်သည့်အခါ သို့မဟုတ် ပြစ်ဒဏ်ကို

လုံးဝသော်လည်းကောင်း၊ ထိုပြစ်ဒဏ်၏ မကုန်ဆုံးသေးသည့် အပိုင်းကိုသော်လည်းကောင်း လွတ်ငြိမ်းသက်သာခွင့်ပြုသည့်အခါ အသုံးပြုရန် လွတ်ဝရမ်းပုံစံမှာ ပုံစံ (၁၅) ပါအတိုင်း ဖြစ်စေရမည်။ ထိုဝရမ်းကို ထိုအမိန့်ထုတ်သည့် အရာရှိကသော်လည်းကောင်း၊ ထိုအရာရှိ၏ ဦးစီးအရာရှိကသော်လည်းကောင်း ဝရမ်းပေါ်တွင် လက်မှတ်ရေးထိုးပြီး ထိုသူအား ချုပ်ထားသည့် အကျဉ်းထောင်အုပ်ချုပ်သော အရာရှိထံပို့ရမည်။

၇၃။ ဥပဒေပုဒ်မ ၃၇ အရအထက်အာဏာပိုင်က ထောင်ဒဏ်တစ်ရပ်ရပ်ကို လျှော့ပေါ့လိုက်သည့်အခါ အသုံးပြုရန် လျှော့ပေါ့ဝရမ်းပုံစံမှာ ပုံစံ (၁၆) ပါအတိုင်း ဖြစ်စေရမည်။ ထိုဝရမ်းကို ထိုအမိန့်ထုတ်ပြန်သည့် အရာရှိကသော်လည်းကောင်း၊ ထိုအရာရှိ၏ ဦးစီးအရာရှိကသော်လည်းကောင်း ဝရမ်းပေါ်တွင် လက်မှတ်ရေးထိုးပြီး ထိုသူအား ချုပ်ထားသည့် အကျဉ်းထောင်အုပ်ချုပ်သော အရာရှိထံ ပို့ရမည်။

၇၄။ ဥပဒေပုဒ်မ ၅၅ အရ ရဲတရားရုံးဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ နစ်နာစေသည်ဟုယူဆလျှင် ဝန်ကြီးထံ ပုံစံ (၁၇) အတိုင်း အသနားခံစာ တင်ပြနိုင်သည်။ အသနားခံစာကို ပြစ်ဒဏ်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းသာ တင်သွင်းခွင့်ရှိသည်။

၇၅။ ရဲတရားရုံးသည် မှုခင်းကိစ္စများ ဆောင်ရွက်ရာတွင် ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စရပ်များအတွက် ဥပဒေနှင့်ဆန့်ကျင်မှုမရှိပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကို တတ်နိုင်သမျှ လိုက်နာဆောင်ရွက်ရမည်။

(signature)

( ဒုတိယဗိုလ်ချုပ်ကြီး မြသင်း )

ဝန်ကြီး